# သခင့်စကား


The LORD's Word

ဝိညာဉ်ရေး ရာစာစောင်

သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်း ရှိစေခြင်းငှာ ဤစကားကို ငါဟောပြောပြီ။ ...မစိုးရိမ်နှင့် ငါသည် လောကကို အောင်ပြီ။ ယော ၁၆း၃၃

အမှတ်စဉ် (၉၈) အောက်တိုဘာလ ၂၀၀၉ ခုနှစ် ခမ္ဘာ (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်)


### နွံထဲကလူသား — ကာ.န.ခ နန်း ရထိုက်



လောကမြစ်ထဲမှာ ၊ မာနနဲ့ ကူးခတ်ရင်း။ ဘဝအတွက် လက်ပမ်းကျခဲ့တယ်
ဘဝ ဆိုတာ အခက်အခဲ မရှိ ၊ လွယ်မလို ထင်ခဲ့ ၊ အတ္တမာနနဲ့ ငါ
ထင်ရာကို စိုင်းခဲ့မိ ၊ ဒုက္ခတွေနဲ့ သောက ရောက်လည်း
မောပန်းမှုတွေနဲ့ ၊ ခေါင်းငိုက်စိုက်လည်း ၊ မှောင်မိုက်လောကကို သုခဘုံလို့ ထင်မိ
အပြစ်နွံထဲမှာ နစ်ရင်းနစ်ရင်း ၊ ဒုက္ခ ရေစီးသံတွေ အသံမြည်လို့ ....။

---

### သမ္မာကျမ်းစာ — ခင်မာ




တစ်ခါက ငါ့အတွက် ပေးဆပ်ခဲ့ဖူးသူ တစ်ဦးရှိခဲ့တယ်။
အတ္တ မာန ဒေါသတွေ မလွှမ်းဘဲ ၊ ရှုတ်ချခြင်း ကင်းစင်လို့
သူ့မေတ္တာဟာ တစ်ဖက်သတ်ကလေးပါ။
နွေးထွေးရင် ကြင်နာပြီး ခွန်အားတွေ ပေးခဲ့ဖူးတယ်။
ငါရှုံးသွပ်လို့ စိတ်ညစ်နေရင် ....၊ ငါ့ဝိညာဉ်တွေ ခြောက်သွေ့နေရင် ...
ငါလမ်းမှားတွေ ဆက်လျှောက်နေရင် ....
သူ့အပေါ်မှာ ငါ့မျက်ရည်တွေ တင်ခဲ့မိတယ်။
သူ့ကိုငါ ခြေစုန်ကန် ၊ လေအဟုန်မှာ ပျံသန်းနိုင်တော့မှ
သူဟာ ငါ့အတွက် ၊ တိမ်ဝှက်တဲ့ 'လ' ကလေးဖြစ်မှန်းသိရတယ်။

---

### ထာဝရတည်သော..နေ — စသာဆိန် (ပုသိမ်)

အသစ်တွေက ဟောင်း ၊ ကြာညောင်းသွားတဲ့ နေ့ရက်တွေ
ပြန်ဆွေး၊ ပြန်တွေးရင်း ၊ ကြေကွဲခြင်းတွေ ခဏ
ဝမ်းနည်းရတာ ရှိသလို ၊ ပျော်စရာ ခဏ
ကြည်နူးရတာလည်းရှိတယ် ၊ မတည်မြဲပါဘူး
စိတ်ကူးနဲ့ မြူးလည်း ခဏ ၊ ရင်ခုန်ခြင်းလည်း ခဏ
အရာရာဟာ ခဏ ပါပဲ ၊ ကြုံဆုံခြင်းတွေ ခဏ
ကွေကွင်းခြင်းတွေ ခဏ ၊ လူ့ဘဝဆိုတဲ့ ဒီမြေမှာ
နေရတဲ့ ဒီခဏ ၊ လက်ပြရင်းလမ်းခွဲ
ရှေ့လာမယ့် နေ့စွဲတွေ ၊ ကြိုနေမယ် ထာဝရ ။ ။

---



### ကောင်းသောမြေ၌ကြဲခြင်း — မှော်ဘီမြေမှ ဆောင်းရန့်

ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် သမီးလတိုင်း သခင့်စကား စာစောင်အားဖြင့် ခွန်အားများစွာ ရရှိလို့ စာပေ ထုတ်ဝေ သော ဆရာနဲ့ သက်သေခံချက်များအားဖြင့် ခွန်အားပေးတဲ့ ညီအစ်ကိုမောင်နှမ အားလုံးကို ဘုရားရှင် ကောင်းကြီးပေးပါစေလို့ သမီးဆုတောင်းပေးရင်း သမီး အသက်တာမှာ ခံစားရတဲ့ အတွေ့အကြုံ ဘုရားသခင်ရဲ့ကောင်းမြတ်ခြင်းများကို သက်သေ ခံခွင့်ရတဲ့တွက် ဘုရားရှင်ကို အထူး ကျေးဇူးတော် ချီးမွမ်းပါတယ်။သမီး ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ဒီစင်္ကာပူမှာ အလုပ် လုပ်တာ(၂)နှစ် ကျော်သွားပါပြီ။ ဒီစင်္ကာပူကို ထွက်လာဖို့ မရည်ရွယ်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အင်္ဂလိပ် စကား အပြောအဆို အလုပ်အတွေ့အကြုံ ဘာ တစ်ခုမှ သမီးမှာ မရှိသလို ငွေကြေး အင်အား လည်း မရှိပါဘူး။ ကျေးဇူးတော်ကြောင့် October 17.06 မှာ သမီး အကြွေး တွေနဲ့ စင်္ကာပူကို အလုပ်လာရမယ်ဆိုတော့ အဲဒီ (၁၇)ရက် မတိုင်ခင် သမီး အသက်တာမှာ တစ်ခါမှ မဖြစ်ဘူးတဲ့ ချောင်းဆိုး ရောဂါဟာ စုံစမ်းခြင်းအဖြစ် ဝင်ရောက် လာပါတယ်။ ဆရာဝန်နဲ့ နေ့ရော ညရော ပြလိုက်တာ အားအင်လည်း တအား ချိနဲ့ သွားပါတယ်။ ဘုရားသခင်ကောင်းမြတ် ပါတယ်။ စင်္ကာပူ ရောက် ရောက်ခြင်း ဆေးစစ်တော့ စိတ်ထဲမှာ စိုးရိမ်မိတယ်။ ဘုရားသခင်က သမီးတို့ အသက် တာကို မစိုးရိမ်ဖို့ နှုတ်ကပတ်တော်အားဖြင့် သွန်သင် ထားတာကို သိပေမဲ့ (မာကု–၄း၁၆–၁၇) ကဲ့သို့ သမီး အသက်တာမှာ ဖြစ်ပျက် ခဲ့တယ်။ နှုတ်ကပါတ် တရားကို ဝမ်းမြောက်စွာ ခံယူပေမဲ့ နှလုံးသားထဲမှာ အမြစ် မစွဲခဲ့ဘူး။ သမီးရဲ့ ဆေးစစ်ချက်ဟာ အားလုံး Ok ခဲ့တယ်။ အလုပ်လုပ်တာ ကြာပေမဲ့ အဆင်မပြေမှုတွေ ယနေ့ထိတိုင်အောင် တွေ့ကြုံပေမဲ့ ဘုရားသခင် သမီးကို အများကြီး ကောင်းကြီးတွေ ပေးနေသလို ကျန်းမာခြင်း ဖြစ်တဲ့ စုံစမ်းခြင်း ချောင်းဆိုး ဝေဒနာမှလည်း ကာကွယ် ပေးခဲ့တယ်။ သမီး ပထမ အလုပ် အဆင်မပြေပေမဲ့ ဘုရားသခင်ရဲ့ ခွန်အား ပေးမှုကြောင့် ဒုတိယအလုပ်မှာ (၆)လပြည့် ဆေးစစ်တော့ လည်း အဆုတ်ကို ဓာတ်မှန် ထပ်ရိုက်ရတယ်။ ဒါပေမဲ့ ဒုတိယ အကြိမ်မှာလည်း ဘုရားသခင် တကယ် ကောင်းမြတ်တယ်။ ဆရာဝန်က very good တဲ့။ သမီးကို လာပြောတယ်။ အခု တတိယအလုပ်မှာ ကျတော့ ထပ်ပြီး ဒီရောဂါကို ခံစားရတယ်။ သမီး အသက်တာမှာ စုံစမ်းခြင်းတွေနဲ့အတူ တဘက်ကလည်း ဘုရားသခင် ကောင်းကြီးတွေ ရေတွက်လို့ မကုန်ပါဘူး။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် အလုပ် အဆင်မပြေမှုတွေ ထဲ ကနေ ဘုရားသခင် သမီးကို ခံနိုင်ရည်စွမ်းအားတွေ အများကြီး ပေးနေပါတယ်။ ဒီ ရောဂါကိုလည်း ဘုရားသခင် သမီးကို သက်သာ ပျောက်ကင်း ခွင့်ပေးမှာပါ။ ဒီကနေ့ သမီးတို့ ယုံကြည်သူ အသက်တာမှာ ဖြစ်လာတဲ့ လောက ခက်ခဲခြင်း တွေကို ကြုံနေရတုံးမှာ သမီးသာ ဘုရားသခင်ကို မသိခဲ့ဘူးဆိုရင် ဒီအခက်အခဲတွေကို ခံနိုင်ရည် ရှိမှာ မဟုတ်ပါဘူး။ ယနေ့ ဘုရားရဲ့ သမီး ဖြစ်ရတဲ့ အတွက် ကျေးဇူးတော် ချီးမွမ်း မိတယ်။ လောကကို အောင်တဲ့ သမီးတို့ လူသားတွေရဲ့ အားလုံးသော အဖေ၊ အဖ ဘုရားသခင်ရဲ့ ခွန်အားနဲ့ အားလုံးသော လောက အခက် အခဲတွေ ကြားထဲမှာ ဘုရား သခင်ရဲ့ ခွန်အားနဲ့ အောင်မြင်မှုတွေ ရယူဖို့အတွက် သမီးရဲ့ အသက်တာကို ဘုရား သခင်ရဲ့ နှုတ်ထွက် စကားတော်များဖြစ်တဲ့ မာကု (၄း၁၆–၁၇) ကဲ့သို့ မဖြစ် စေဘဲ မာကု (၄း၂၀) ကဲ့သို့ ကောင်းသော မြေ၌ ကြဲသော မျိုးစေ့ ဖြစ်ဖို့ ဘုရား သခင်ထံမှာ အသနားခံ ဆုတောင်းနေကြောင်း ချစ်သော ခရစ်ယာန် ညီအစ်ကို မောင် နှမအားလုံးကို သမီးရဲ့ အသက်တာအားဖြင့် ခွန်အား ပေးရင်း ....။

---

### သက်သေခံချက် (မေသူ)

ရှေးဦးစွာ ဘုရားသခင်ရဲ့ ဂုဏ်တော်ကို ချီးမွမ်းလိုပါတယ်။ ကျွန်မ သခင့်စကား စာစောင်မှာ သက်သေခံဖို့အတွက် အကြိမ်ကြိမ် ဆုတောင်း ခဲ့ပါတယ်။ ကိုယ်တော် အလိုတော်ရှိရင် ကျွန်မကို သက်သေခံခွင့် ပြုပါလို့ ဆုတောင်းခဲ့ပါတယ်။ ကျွန်မ စာရေးဖို့ အချိန်ကိုလည်း တောင်းခံခဲ့ ပါတယ်။ အထူးသဖြင့် ကျွန်မ အလုပ်ရှင်တွေဟာ စာရေးတာ လုံးဝ မကြိုက်ပါဘူး။ ကိုယ်တော်ဟာ ကျွန်မကို သက်သေခံဖို့အတွက် အချိန် ပေးခဲ့ပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို နေ့ညမပြတ် ကျွန်မ အစဉ် ကျေးဇူးတော် ချီးမွမ်းနေဆဲပါ။ ကျွန်မ အနည်းငယ် သက်သေခံပါရစေ။

*သက်သေခံချက် "ဆုတောင်းခြင်းနှင့် ကျမ်းစာဖတ်ခြင်း"*

ကျွန်မ စင်္ကာပူနိုင်ငံကို ၈.၈.၀၈ ရက်နေ့မှာ စရောက်ရှိခဲ့ပါတယ်။ ဒုတိယအကြိမ်လို့ ပြောရင်လည်း မမှားပါဘူး။ ပထမတစ်ခေါက် စာမေးပွဲ ကျလို့ မြန်မာပြည်ကို ပြန်သွားခဲ့ရတယ်။ ကျွန်မကိုယ် ကျွန်မလည်း အံ့ဩမိတယ်။ စာတွေလည်း ရ၊ အမြဲတမ်း ဆုတောင်းနေပါလျှက်နဲ့ ဘာလို့ ဘုရားသခင် စာမေးပွဲ အောင်ခွင့် မပေးရတာလဲလို့ ဘုရားသခင့်ကို အပြစ်တင် ခဲ့မိတယ်။ အခုတော့ ကျွန်မ သိပါပြီ။ ဘုရားသခင်ဟာ အချိန်မတန်ခင် ကိုယ်တော် အလို မရှိသေးခင် ဘာတစ်ခုမှ မချပေးခဲ့ပါဘူး။ ဘုရားသခင်က ကျွန်မတို့ ဘယ်လောက်ပဲ ဆုတောင်း ဆုတောင်း၊ ကိုယ်တော်ဟာ သူ့အချိန်ကို စောင့်ဆိုင်း တတ်ပါတယ်။ ဒါကို ကျွန်မတို့ လူသားတွေ သတိမရကြပါလား။ ကိုယ်တော့်ဆီကသာ အမျိုးမျိုး နည်းနဲ့ တောင်းခံကြပါတယ်။ ကိုယ်တော်အတွက် ကျွန်မနဲ့အတူ စာဖတ်သူတွေ ဘာတွေ ပြင်ဆင်ပေးပြီးပြီလဲ။ ကိုယ်တော်အတွက် ကျွန်မတို့ နှလုံးသား လေးတွေ ပြင်ဆင် ပေးကြရင် မကောင်း ဘူးလား၊ ပြင်ဆင် ကြည့်ပါလား။

ကျွန်မ စင်္ကာပူကို မလာခင် မနက်က ကျွန်မရဲ့ ဒယ်ဒီက ဆုတောင်းဖို့ ပြောပါတယ်။ အစ်ကို ဖြစ်သူကိုလည်း ကျမ်းစာ ရှာခိုင်းပါတယ်။ အစ်ကို ဖြစ်သူက ဆာလံ(၉၁)ကို ရှာပေးခဲ့ပါတယ်။ ဒယ်ဒီနဲ့ ကျွန်မ အိမ်အပေါ်ထပ်ကို တက်သွားကာ နှစ်ဦးတည်း ဆုတောင်းကြပါတယ်။ ဒယ်ဒီက သူကိုယ်တိုင် ကျမ်းစာဖတ်ကာ ဆုတောင်း ပေးခဲ့ပါတယ်။ အဲဒီ အထဲကမှ ဆုတောင်းချက် တစ်ခုကို ပြောပြချင်ပါတယ်။ ကျွန်တော် ကျွန်မတို့သည် လူသားများ ဖြစ်သည့်အလျောက် လိုချင်တပ်မက်မှု များပြားလှပါ၏၊ သို့သော် ကိုယ်တော် အလိုရှိလျှင် ဤသမီးငယ်လေးအား စင်္ကာပူ နိုင်ငံမှာ ကောင်းမွန်စွာဖြင့် အလုပ်လုပ်ကိုင်ရသည့် အခွင့် ပေးပါလို့ ဆု


သခင့်စကား ဝိညာဉ်ရေး ရာစာစောင် အမှတ်စဉ် ၉၈။ အောက်တိုဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိမြန်မာခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

တောင်း ပေးခဲ့ပါတယ်။ အဲဒီ ဆုတောင်းသံလေးဟာ ကျွန်မ စိတ်နှလုံးသားထဲမှာ ယနေ့ထိ ကြားယောင် နေတုန်းပါပဲ။ အဲဒီလိုနဲ့ ကျွန်မ စင်္ကာပူကို ရောက်လာခဲ့ပါတယ်။ ကျွန်မကို အေးဂျင့်က လာကြိုပါတယ်။ ကျွန်မကို တွေ့တော့ မြန်မာ ဒုတိယ အကြိမ် မို့လားလို့ ပြောပါတယ်။ ကျွန်မက ဟုတ်တယ်လို့ ပြန်ဖြေခဲ့ပါတယ်။ ကျွန်မကို ကြိုးစားပါ၊ ပြီးတော့ ဆုတောင်းဖို့ကို အမူအယာနဲ့ ပြောပါတယ်။ ကျွန်မလည်း ပြန်ပြီး ခေါင်းငြိမ့် ပြခဲ့ပါတယ်။ ညရောက်တော့ ကျွန်မ မအိပ်တော့ပါ။ သတိရတိုင်း ဆာလံ ၉၁ ကိုဖတ်ပြီး ဆုတောင်းတော့တာပါပဲ။

မနက် ရောက်တော့ စာမေးပွဲ သွားဖြေရပါတယ်။ အရင် တစ်ခေါက် လောက် ကျွန်မမှာ ကြောက်စိတ် မရှိတော့ပါ။ စာမေးပွဲခန်း ရောက်တာနဲ့ ဘုရားသခင်ဆီမှာ အရင်ဆုံး ဆုတောင်းဆက်ကပ်ခဲ့ပါတယ်။ ကျမ်းစာကိုလည်း အမြဲ ရွတ်ဆို နေမိပါတယ်။ စာမေးပွဲဖြေပြီး ခဏအကြာမှာတော့ ကျွန်မကို လိုက်ပို့သူက မြန်မာ၊ မင်း စာမေးပွဲ အောင်တယ်လို့ ပြောပါတယ်။ ကျွန်မလည်း ဝမ်းသာအားရနဲ့ အဲဒီမှာတင် ဘုရားသခင် ကျေးဇူးတင်ပါတယ်လို့ အားပါးတရ အော်လိုက်မိလိုက်ပါတယ်။ လူတချို့ ကျွန်မကို ဝိုင်းကြည့် နေကြပါတယ်။ ကျွန်မလည်း မရှက်တော့ပါဘူး။ ဘုရားသခင်ရဲ့ ဂုဏ်တော်ကို ချီးမွမ်းတာ ရှက်စရာမှ မဟုတ်တာ။ ကျွန်မ ပြောချင်တာက ဆုတောင်းရင် ဘုရားသခင်က ကျွန်မတို့ကို အချိန်မရွေး ပေးသနားတာပါပဲ။ ဒါကြောင့် ကျွန်မတို့က ဘုရားသခင်ကို အချိန်နေရာ မရွေး ချီးမွမ်းဖို့၊ မမေ့ဖို့ ပြောချင်ပါတယ်။ ဆုတောင်းခြင်းဟာ ဘုရားသခင်နဲ့ တိုက်ရိုက် စကားပြောတာလို့ ကျွန်မကို သင်းအုပ်ဆရာတစ်ဦးက ပြောဘူးပါတယ်။ ယုံကြည်ခြင်းနဲ့ ဆုတောင်းကြည့်ပါ။ ကျွန်မ တို့ကို ဘုရားသခင် အလိုတော် ရှိသည့်အတိုင်း တစ်ခုချင်းစီ ချပေးပါလိမ့်မယ်လို့ အနည်းငယ်မျှ သက်သေခံပါရစေ။ အယောက်စီတိုင်းကို ဘုရားသခင် ကောင်းကြီး ပေးပါစေ။ ဆာလံ (၁၁၇း ၁–၂) ယုံကြည်သူ *(မေသူ)*


---

## လန်ဒန်မြို့မှနောင်တမျက်ရည် *(မင်းဟသ်ာ–အင်းစိန်)*

သို့ပြုလျှင် အဘယ်သူမျှကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ် အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မ လိမ့်မည်။ (ဖိ ၄း၇)

"သခင့်စကား" ဝိညာဉ်ရေးရာ စာစောင်မှာ ကျွန်တော်၏ဘဝနှင့် ရင်းနှီးပြီးရခဲ့သော ကိုယ်တော်ရှင်၏ ကောင်းကြီး ဆုကျေးဇူးအကြောင်းကို "စင်္ကာပူမှ ငိုရှိုက်ချီးမွမ်းသံ" ခေါင်းစဉ်ဖြင့် လွှန်ခဲ့သော လက သက်သေခံချက်ကို ဝေမျှခွင့်ပေးခဲ့သည့်အတွက် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းပါသည်။ ယခုတဖန် ယင်းသက်သေခံချက်၏ ဖြစ်စဉ်တစ်ပိုင်းဖြစ်သည့် "လန်ဒန်မြို့မှ နောင်တမျက်ရည်" သက်သေခံချက်ကို ဆက်လက်ဝေမျှပါဦးမည်။

ယခင် သက်သေခံချက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၁၉၆၈ခုနှစ် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် မဟာသိပ္ပံနောက်ဆုံးနှစ် အပိုင်း(က) ရူပဗေဒတန်းတွင် ပညာ သင်ကြားနေစဉ် အင်္ဂလန်နိုင်ငံ ဘာမင်ဟန် တက္ကသိုလ်၌ MSc. Information and System Engineering ဘွဲ့နှင့် အဆင့်မြင့် လေကြောင်း အီလက်ထရောနစ်နှင့် လေကြောင်း ပျံသန်းမှု အထောက်အကူပြု စက်ပစ္စည်း သင်တန်းများကို ကိုလံဘိုစီမံကိန်း အစီအစဉ် အထောက်အပံ့ဖြင့် (၂)နှစ်တာမျှ ဆည်းပူး သင်ကြားရန် ၁၉၆၉ခုနှစ် နိုဝင်ဘာ လဆန်းတွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်မှ အင်္ဂလိပ်လေကြောင်း B.O.A.C ဖြင့် ည၁၀း၃၀နာရီတွင် ထွက်ခွာခဲ့ရာ အင်္ဂလန်နိုင်ငံ လန်ဒန် ဟိသ်ရိုးလေဆိပ်သို့ နောက်နေ့ နေ့လည် ၁၂း၃၀ နာရီတွင် ဘေးကင်းစွာ ရောက်ရှိသွားခဲ့ပါသည်။ British Council မှကြိုဆို နေရာချထားပေးသည့် ပုဂ္ဂိုလ်မှ လာရောက်ခေါ်ဆောင်ပြီး တည်းခိုရာ ဟိုတယ်သို့ ပို့ဆောင်ပေး၊ ပစ္စည်းများ ချထားပြီး တဆက်တည်း British Council ရုံးသို့ ပို့ဆောင်ပေးကာ Program Officer နှင့် တွေ့စေပါသည်။ Program Officer မှ (၂)နှစ်ကြာ Program အစီအစဉ်များ၊ ထောက်ပံ့ကြေး ပေါင်စတာလင် ငွေကြေး နှင့် ဘာမင်ဟန်သို့ သွားရောက်ရန် ရထားလက်မှတ် ထုတ်ပေးခဲ့ပါသည်။



မော်လမြိုင်မြို့မှ တောသားလေး ကျွန်တော် လေယာဉ်ပျံဆိုလို့ ဘုရားဈေးနှင့် အသင်းတော် Fun Fair များမှ အရုပ် လေယာဉ်ပျံသာ စီးဘူးသည့် ကျွန်တော်၊ ကြီးမားလှသော Boeing 707 B.O.A.C လေယာဉ်ပျံကြီးကို စီး၊ မတွေ့ကြုံဘူးသော ပေ၄၀၀၀၀ အမြင့်ပေါ်မှ ပျံသန်းနေသော လေယာဉ်စီး အတွေ့အကြုံကိုရပြီး အိပ်မက်ကမ္ဘာထဲကလို ကြီးကျယ်ခမ်းနားလှသော လန်ဒန်မြို့သို့ ရောက်ရှိလာသည့် ကျွန်တော်၊ အလွန်မှ ရခဲလှသော ကိုလံဘိုစီမံ ကိန်း အစီအစမံဖြင့် နိုင်ငံခြား ပညာတော်သင် ဖြစ်လာသည့် ကျွန်တော်၊ စိတ်ထဲတွင် ဝါဂွမ်းဆီထိ ပီတိ လျှံလိုက်၊ ဘဝင်္ဂသို့ ဆိုက်မတတ် အပျော်ကြီး ပျော်ခဲ့ရပြီး ယခုလို ကိုယ်တော်မှ ချပေးသော ဆုကျေးဇူးတော်ကို ရေတွက်ရင်း ဟိုတယ်၏ တည်းခိုခန်းထဲတွင် အလွန်မှ အေးစက်သော အအေး ဒဏ်ကို ရင်ဆိုင် မေးစက်ရင်း (သုတ္တံ ၄း၆) သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည် ဟူသော ကျမ်းချက်ကို သတိရလျှက် အိပ်ပျော်သွားခဲ့ပါသည်။

လန်ဒန်မြို့မှ နောက်တနေ့တွင် တစ်ယောက်တည်း မီးရထားဖြင့် အင်္ဂလန်၏ ဒုတိယ အကြီးဆုံးမြို့ဖြစ်သော ဘာမင်ဟန်မြို့ (မိုင်၁၂၀ဝေးကွာ) သို့ သွား ရောက်ပြီး နေထိုင်တည်းခိုရမည့် Y.M.C.A သို့ဆက်လက် ထွက်ခွါခဲ့ပါသည်။ ရောက်ပြီး ၃–၄ရက်ခန့် ကြာသော် တက္ကသိုလ်ကြီး ဖွင့်လှစ်သဖြင့် မိမိ ဆည်းပူးသင်ကြား ရမည့် M.Sc Engg ဘွဲ့ပို့ချရာ Electronic and Electrical Engineering ဌာနရှိရာ ဘာမင်ဟန်တက္ကသိုလ် သို့ ဘတ်စ်ကားဖြင့် သွားရောက် ပြီး ယင်းဘွဲ့လွန် သင်တန်းကို အိန္ဒိယ၊ ပါကစ္စတန်၊ မလေးရှား၊ ဟောင်ကောင်၊ သီရိ လင်္ကာ၊ အိုင်ယာ လန်၊ အင်္ဂလန်တို့မှ ကျောင်းသားများနှင့် အတူ တက်ရောက် သင်ကြားခဲ့ရပါသည်။

မြန်မာနိုင်ငံမှ တက္ကသိုလ်ပညာရေးစနစ်နှင့် အင်္ဂလန်နိုင်ငံ တက္ကသိုလ် ပညာရေး စနစ် လွန်စွာ ကွာဟနေသည်ကတကြောင်း၊ ကျွန်တော်၏ ပထမ သိပ္ပံဘွဲ့မှာ ရိုးရိုးရူပဗေဒ သိပ္ပံဘွဲ့ဖြစ်ပြီး ယခုသင်ကြားရမည့်မှာ မဟာသိပ္ပံ အင်ဂျင်နီယာဘွဲ့ ဖြစ်နေ၍ ဆက်စပ်မှု မရှိသည်က တကြောင်း၊ အင်္ဂလန် မသွားမီ ရန်ကုန်နိုင်ငံခြား ဘာသာသိပ္ပံတွင် အင်္ဂလန်မှ ဆရာကြီးများ လာရောက်ပို့ချ စစ်ဆေးခဲ့သော TOEFL ကဲ့သို့ စာမေးပွဲနှင့် ရန်ကုန်ဗြိတိသျှသံရုံးမှ နိုင်ငံခြား ပညာတော်သင်များ အတွက် အင်္ဂလိပ်စာ/စကား အရေး၊ အဖတ်၊ အပြော အထူးစစ်ဆေးသော စာမေးပွဲများကို အောင်မြင်ခဲ့သော်လည်း အင်္ဂလိပ်စာ ပိုင်နိုင်မှု ရာနှုန်းပြည့် အားမရ ဖြစ်နေခြင်းက တကြောင်း၊ Information and System Engineering ဘာသာရပ် (ယခုအခေါ် IT Information Technology) သည် ၁၉၇၀ခုနှစ်၌ အင်္ဂလန် နိုင်ငံတွင်ပင် ကကြီးရေး 'က' အဆင့်မှာသာ ရှိနေပြီး မြေစမ်း ခရမ်းပျိုးနေသည့် သဘောဖြင့် ကထိက ဆရာများက သင်ကြားပြသနေရသည်က တကြောင်း၊ ယခု ကဲ့သို့သောအကြောင်း အမျိုးမျိုးတို့ကြောင့် သင်ကြားခံယူရမှု အားနည်းကာ သင်တန်း စပြီး (၃)လအကြာ စစ်ဆေးခြင်းခံခဲ့ရသော စာတွေ့ရေးဖြေ စာမေးပွဲ၌ လိုအပ်သော ဘာသာရပ် ရမှတ် ကျေနပ်မှုမရှိဟု သိရပါသည်။

အင်္ဂလန်နိုင်ငံ တက္ကသိုလ်များမှ ပေးသော M.Sc Engg ဘွဲ့အတွက် မြန်မာနိုင်ငံမှ M.Sc Engg **or** B.E Engg အင်ဂျင်နီယာဘွဲ့ ရရှိသူများသည် လိုအပ်သလို အကြိုမဟာသိပ္ပံသင်တန်း (Pre-M.Sc Engg Class) ကိုတစ်နှစ်မျှ တက်ရောက်ပြီးမှ M.Sc Engg ဘွဲ့ကို ဆက်လက် ဆည်းပူးခွင့်ပြုသည်။ ယင်းကြောင့် B.Sc Engg ဘွဲ့ မရရှိထားပဲ၊ သာမန် B.Sc Physics ဘွဲ့ရထားသူ အတွက် အကြို M.Sc Engg သင်တန်း တက်ရောက်ခွင့် ရရန် တောင်းခံခဲ့ရာ ယခု M.Sc Engg အတွက် ကိုလံဘိုစီမံကိန်းမှ တစ်နှစ်အတွက်သာ ငွေကြေး ကုန်ကျစရိတ် ထောက်ပံ့မည်ဖြစ်ပြီး ကျန်သော တစ်နှစ်တွင် လေကြောင်း ကောလိပ်မှ အဆင့်မြင့် အီလက်ထရောနစ် ပျံသန်းမှု အထောက်အကူပြု စက်ပစ္စည်း သင်တန်းကို သင်ယူရန် သတ်မှတ်ပြီးဖြစ်ကြောင်း ပြန်ကြား လာပါသည်။ မတတ်နိုင်တော့ပြီ ဖြစ်သမျှ အကြောင်း အကောင်းကြီးပဲဟု နှလုံးသွင်းလျက် M.Sc Engg ဘွဲ့ရလျှင်လည်း အမြတ်၊ မရလျှင် အရင်းဟူ၍ သဘောထားပြီး ဆက်လက်ကြိုးစား ဆုတောင်းရင်း ဆည်းပူးရာ ဒုတိယ(၃)လပတ် ရေးဖြေ စာမေးပွဲများတွင် အားရ ကျေနပ်စရာ ဖြစ်ခဲ့ရပါသည်။ တစ်နှစ်အတွက် စာတွေ့ (၆)လ ပြီးဆုံးပြီးနောက် ကျန်သော (၆)လတွင် Microwave Trainsmission and Reflecting Aerial for Speed Indieator System Project တစ်ခု သုတေသန ပြုလုပ်ပြီး ကျမ်းပြု (Thesis) စေခဲ့ပါသည်

သုတေသန ပြုလုပ်ရာတွင်လည်း အဆင့်မြင့်သော Microwave Trainsmission Project ကို ချပေးခြင်းခံရသဖြင့် လက်တွေ့ တိုင်းတာ စစ်ဆေးရန် တက္ကသိုလ်မှ စက်ပစ္စည်းများ ကိရိယာများ မရှိသဖြင့် အင်္ဂလိပ် တပ်မတော်မှ Ph.D သင်တန်းသား တစ်ယောက်မှ စက်ပစ္စည်းများကို ည(၁၀) နာရီမှ စပြီး အသုံးပြုခွင့် ရရှိပါသည်။ ထို့ကြောင့် သုတေသနလုပ်ငန်းကို ညစဉ် လူခြေ တိတ်ချိန် (၁၀)နာရီမှ စပြီး လုပ်ဆောင် ခဲ့ရာ နေ့စဉ်နံနက် ၄/၅နာရီမှ ရပ်နားရပါ သည်။ သုတေသန လုပ်ဆောင်ရာ သိပ္ပံအဆောက်အဦးမှာ (၆)ထပ် အဆောက် အဦးကြီး ဖြစ်ပြီး ညစဉ် (၁၂)နာရီကျော်သွားလျှင် ကျွန်တော်၏ Lab သာ မီးလင်း လျှက် တစ်ယောက်တည်း ပင်ပန်းကြီးစွာ လုပ်ဆောင်ရပါသည်။ တခါတရံ ကြောက်စိတ် ဝင်လာသောအခါ ဆာလံ ၂၃ကို အထပ်ထပ် ရွတ်ဆို ဆုတောင်းခွန်အားယူရင်း နတ်ဆိုး၊ ဝိညာဉ်ဆိုးများကို နှင်ထုတ်၍ ကြောက်စိတ်ကို ဖြေသိမ့် ခဲ့ရပါသည်။

ဤသို့ဖြင့် (၆)လတာ သုတေသန ပြီးဆုံးအောင်မြင်ခဲ့၍ ကျမ်းပြုကာ မိမိ တက္ကသိုလ်၊ အခြားတက္ကသိုလ်များမှ ပါမောက္ခ၊ ကထိကများ ရှေ့တွင် မိမိ၏ Thesis



*သခင့်စကား* ဝိညာဉ်ရေးရာစာစောင် အမှတ်စဉ် ၉၈။ အောက်တိုဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်းရှိမြန်မာခရစ်ယာန်အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ကို ရှင်းလင်း တင်ပြ defence လုပ်ပြီး ကျေနပ်မှု ရစေခဲ့သောကြောင့် အောင်မြင်သော ကျမ်းတစ်စောင် ပြုစုစေသည်။

ဤသို့ဖြင့် တက္ကသိုလ်တွင် တစ်နှစ်တာ ကုန်ဆုံးသောအခါ ထွက်လာသော ရလဒ်က ရင်ဝကို အကန်ခံလိုက်ရသလို နာကျင်စွာ ခံစားခဲ့ရပါသည်။ ရလဒ်ကား ကျမ်းပြုစု အောင်မြင်သော်လည်း ရေးဖြေဘာသာရပ် အချို့တွင် သတ်မှတ်အရည်အချင်း မမှီဟုဆိုကာ M.Sc Engg ဘွဲ့အတွက် ငြင်းပယ်ခြင်း ခံခဲ့ရပါသည်။ ကျွန်တော်၏ အိပ်မက်ကမ္ဘာကြီး ပျက်စီးသွားလေပြီ။ ဌာန၏(၆)ထပ် အဆောက်အဦး အပေါ်ဆုံး ခေါင်မိုးပေါ်သို့ တက်၍ ငါဘာဆက်လုပ်ရမည်နည်း။ ၍မြန်မာပြည် ပြန်ရောက်လျှင် မိဘ၊ ချစ်သူ၊ ညီအစ်ကို၊ မောင်နှမများကို မည်ကဲ့သို့ ရင်ဆိုင်ရမည်နည်း။ ငါ့ကို မြန်မာပြည် ဝန်ကြီးဌာနမှ တစ်နှစ်တာ ကုန်ကျခဲ့သော ပညာသင် နေထိုင်စားသောက် စားရိတ်ကို ပြန်လျော်ခိုင်းမည်လား။ သို့လော သို့လော အတွေးပေါင်းများစွာဖြင့် ကြံရာမရ ဖြစ်နေရာ အကောင်းဆုံးအဖြေက ဒီတိုက်ခေါင်မိုး ပေါ်က ခုန်ချလိုက်ရင် ဘဝဇာတ်သိမ်းသွားမယ်။ အားလုံး ပူပင်မှု ချုပ်ငြိမ်းသွားမည် စသည်ဖြင့် စာတန် မာရ်နတ်က ကျွန်တော့်ကို အပြတ်သွေးဆောင် ဖြားယောင်း ဒူးထောက်အညံ့ခံ ခိုင်းလေပြီ။ အခုလို ချောင်ပိတ်မိမှ မျက်ရည်ကျလျှက် ကိုယ်တော်ရယ်၊ အဘရယ် သားကို ကယ်မတော်မူပါ။ သား ဒီဒုက္ခတွေကို ရင်မဆိုင်နိုင်ပါ။ သားမှာ ခွန်အားမရှိ၊ အရုပ်ကြိုးပြတ်သလို ပုံကျရမလို ဖြစ်နေပါပြီ။ ကိုယ်တော်မှ မကူညီရင် ကျွန်တော့်ဘဝ ဒီမှာတင် နိဂုံးချုပ် အဆုံးသတ်ရတော့မည်ဟု သနားခံ တောင်းပန်ပြောကြားရာ Praise The Lord! အချင်းစာတန် ငါ့နောက်သို့ ဆုတ်လော့ဟု သခင်ခရစ်တော် ပြောကြားခဲ့သလို မိန့်ကြားလိုက်ပြီး (ဖိ ၄း၇)မှာ ဖော်ပြထားသလို အဘယ်သူမျှ ကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်တော်အားဖြင့် ကျွန်တော်၏ စိတ်နှလုံးကို စောင်မခဲ့ပါသည်။ တိုက်ခေါင်မိုး ပေါ်မှ အောင်မြင်စွာ မာရ်နတ်၏ သွေးဆောင်ခြင်းကို တွန်းလှန်ပြီး အသက်ဆက်ခဲ့ရသည်။

ကျွန်တော်၏ ချို့ယွင်းအားနည်းချက်ကို ပြန်လည်သုံးသပ်ရာ၌ တွေ့ရှိရသည့် အဓိက အားနည်းချက်မှာ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်း ပါရမီကို ဦးစွာ မရှာ၊ နှုတ်ကပါတ်တော် လေ့လာမှု ဖတ်ရှုမှု၊ လိုက်နာလိုက်စားမှု အားနည်းခြင်း၊ ဆုတောင်းခြင်း အားနည်းခြင်းတို့ကို တွေ့ရှိရပြီး မိမိလိုချင်သော M.Sc Engg ဘွဲ့နောက် ကောက်ကောက်ပါအောင် ကိုယ်တော်ရှင်ကို Limit ထား အားကိုး၊ မိမိကိုယ်ကို အားကိုးပြီး ပညာ ဆည်းပူးခဲ့သည့် အချက်များကို တွေ့ရှိရ၏။ ပို၍ ရှင်းရလျှင် ဘာမင်ဟန် တက္ကသိုလ်တွင် တက်ရောက်နေစဉ် ပညာရေးနှစ်တွင် ဘုရားရှိခိုးကျောင်း တက်သည့် အကြိမ် (၃)ကြိမ်ထက် မပိုခဲ့ပါ။ ပွဲတော် တစ်နှစ်လုံး တစ်ခါမျှ မစားဘူးပါ။ နေ့စဉ် နှုတ်ကပါတ်တော် ဖတ်ဖို့ နေနေသာသာ၊ တစ်ပတ်လျှင် တခါတရံ တစ်ကြိမ်မျှပင် မဖတ်ရှုနိုင်ခြင်း၊ နေ့စဉ်ဆုတောင်းရမယ့် အစား တစ်ပတ် တစ်ကြိမ်မျှသာ တောင်းလျှောက်ခြင်း မရှိခဲ့ပဲ ပြဿနာ အခက်အခဲ တွေ့ရှိပါက လောက စိတ်ဖြေစရာ ရုပ်ရှင်၊ ကပွဲ၊ disco, opera များဆီသို့ ရောက်တတ်ခြင်းဖြင့် စိတ်သက်သာမှု ရယူခဲ့ပါသည်။ ကျွန်တော် ပြန်ပြင်၍ မရသော အပြစ်၊ အမှားများကို လွန်ကျူးခဲ့ပြီ။ သို့သော် အပြစ်သားတိုင်းကို ချစ်သော ကိုယ်တော်က ကျွန်တော့်အား ချောက်ကမ်းပါး ကြီးထဲသို့ ကျဆင်းခွင့် မပြုခဲ့ပါ။ လောက၏ သွေးဆောင်ခြင်း အမျိုးမျိုးထဲမှ စာတန် မာရ်နတ်၏ လူတို့ပျော်မွေ့ဖွယ်ရာ လောကီစည်းစိမ်၊ သာယာ မှုအမျိုးမျိုးကို ပြပြီး စည်းရုံးမှုမှ (ဖေက်ဖ်း၁၄–၁၈) မှာဖော်ပြထားသော ခရစ်ယာန်တို့၏ လက်နက်စုံ ကျမ်းချက်ကို သတိရ ဖတ်ရှုစေပြီး ကြီးမားသော စောင့်ရှောက် ကာကွယ်မှု ပေးသနားခဲ့သည်။ ယင်း တက္ကသိုလ်တွင် ပညာ ဆည်းပူးစဉ်အခါက၊ ၁၉၇၀ခုနှစ် အချိန်ကသာ အကယ်၍ စင်ကာပူ၌ရှိသော မြန်မာတိုင်းရင်းသားပေါင်းစုံ အသင်းတော် ဖြစ်သည့် JBCS လို အသင်းတော် တစ်ခုတွင် ပါဝင်ခိုလှုံခွင့်၊ လှုပ်ရှားခွင့်၊ ဝိညာဉ် အစာ စားသောက်ရခွင့်၊ ဝန်လေးပင်ပန်းသောသူများအား နားနေခွင့်၊ နှစ်သိမ့် ပေးခြင်း ခံခဲ့ရပါက ယင်း M.Sc Engg မဟာ သိပ္ပံဘွဲ့ အင်ဂျင်နီယာဘွဲ့ (IT) ကို အလွယ်တကူ ဆွတ်ခူးနိုင်ခဲ့မည်မှာ မြေကြီးလက်ခတ် မလွဲပါ။ ယခုလို JBCS နှင့် တွေ့ဆုံပါဝင်ခွင့် ရခဲ့သည်မှာ အချိန်အခါများစွာ နှောင်းခဲ့လေပြီတကား။

ဘာမင်ဟန်တက္ကသိုလ်တွင် တစ်နှစ်ကြာ ပညာသင်ကြားပြီး လန်ဒန်မြို့မှ မိုင်(၇၀) ကျော်ဝေးသော Bletchley မြို့ရှိ လေကြောင်းသိပ္ပံတွင် အဆင့်မြင့် အီလက်ထရောနစ်နှင့် လေကြောင်းအထောက်အကူပြု စက်များ သင်တန်းကို တစ်နှစ်တာမျှ ဆက်လက်သင်ကြားခဲ့ရာ ကိုယ်တော်ရှင်မှ ချပေးသော ယုံကြည်မှု ခွန်အား ကျေးဇူးတော်ကြောင့် အဆင့်မြင့်မြင့်ဖြင့် အောင်ပန်း ဆွတ်ခူး အောင်မြင်ခဲ့ ပါသည်။ ယခုလို (၂)နှစ်တာမျှ ပညာ သင်ဆုံးပြီးစီးပြီး ပြည်တော်ပြန် လန်ဒန်မြို့ British Council ရုံးသို့ သွားကာ M.Sc Engg အတွက် နောက်ထပ် တစ်နှစ် သင်ကြားခွင့်ပြုရန် တင်ပြရာ British Council မှ ကျွန်တော်သည် အမိ မြန်မာပြည်သို့ ပြန်ရောက်လျှင် (–) ဌာနတွင် အလုပ်ဝင်ရန် လေကြောင်း အဆင့်မြင့် အီလက်ထရောနစ်နှင့် ပျံသန်းရေး အထောက်အကူပြုစက်များ ဆိုင်ရာ သင်တန်းများ ပြီးဆုံးအောင်မြင်၍ လုပ်ငန်းခွင်တွင်လည်း ကောင်းမွန် ကျွမ်းကျင်စွာ ဆောင်ရွက် နိုင်မည်ဖြစ်၍ M.Sc Engg ဘွဲ့ ထပ်မံရယူရန် မလိုအပ်ပါကြောင်း၊ M.Sc Engg ဘွဲ့အတွက် နောက်ထပ်တစ်နှစ် အချိန်တိုးပြီး ပညာသင်ကြားခွင့် ရခဲ့သည့် မြန်မာအင်ဂျင်နီယာဘွဲ့ရ ကျောင်းသားများသည် မြန်မာနိုင်ငံ အင်ဂျင်နီယာ စက်မှုတက္ကသိုလ် (ယခု နည်းပညာတက္ကသိုလ်) တွင် တာဝန်ထမ်းဆောင်မည့် ကထိကများ ဖြစ်မည့် အတွက်ကြောင့် Higher Acadamic Qualification ဖြစ်သော M.Sc Engg ဘွဲ့ လိုအပ်ပါကြောင်း သေသေချာချာ ရှင်းလင်းပြောပြသောအခါ ဩော် ငါ့လိုဘဝတူချင်း မြန်မာကျောင်းသားများကိုပင် အခွင့်အရေးက မတူပါလား။ ကိုယ်တော်ရှင်ရယ် ကျွန်တော့်ကို ပြည်တော်ပြန်ဖို့ ခွန်အား ချပေးပါ။ တွေ့သမျှ ကြုံလာမည့် ပြဿနာ အရပ်ရပ်ကို ရင်ဆိုင် ဖြေရှင်းနိုင်ဖို့ ဉာဏ်ပညာ အထူးချပေးပါ၊ အထူးသဖြင့် စိတ် ငြိမ်သက်မှု ချပေးပါ။ မိမိကိုယ်ကို အားကိုး၊ မိမိ ပညာရေးကို ပထမထား၊ မိမိ ဉာဏ်ကို ထပ်ဖို့၊ မိမိ အစွမ်းသတ္တိကို ခါးစောင်းတင်ပြီး ကိုယ်တော်ကို ပထမ နေရာမှာ တင်းပြည့် ကျပ်ပြည့် မထားခဲ့တဲ့ ကြီးလေးသည့် အပြစ်ကို ကြီးမြတ်၍ တဖက်သတ် မေတ္တာဖြင့် သားတို့ကို ချစ်တော်မူသော အိုအဖဘုရား သခင်ယေရှု ကယ်တင်ရှင် ခွင့်လွှတ် တော်မူပါရန် လန်ဒန်မြို့ တစ်နေရာမှ ကြီးစွာသော မိုက်နောင်တ မျက်ရည် စီးဖြာ ကျလျှက် ပြည်တော်ပြန်မျက်နှာ မလှရမည့် ခရီးကို စတင် လှမ်းရပါတော့ကြောင်း ပြောပြရင်း ကျွန်တော့်ရဲ့ သက်သေခံချက်ကို နိဂုံးကမွတ် အဆုံးသတ်လိုက်ပါသည်။ ဤ သက်သေခံချက်ကို ဖတ်ရှုရသော ချစ်သောညီအစ်ကို မောင်နှမများ ကျွန်တော် ကဲ့သို့ နောင်တမျက်ရည်မိုး မစွေစေရန် ကိုယ်တော်ရှင်ကို ပထမထား၊ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်း ပါရမီကို ရှေးဦးစွာ ရှာမှသာ လိုသော အရာများကို နောက်မှ ကိုယ်တော်ရှင် ချပေးမည်ဟု ယုံကြည်ခြင်း အပြည့်ဖြင့် ဘဝခရီးကို လှမ်းလျှောက် နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက် ပါတော့သည်။

*မင်းဟသ်ာ (အင်းစိန်)*

---

## ငြင်းပယ်ခံရခြင်း၏အကျိုးရလဒ် *စလန်းဆန်*

နှုတ်ကပတ်တော်ရှိ ငြင်းပယ်ခံရသူများ အကြောင်းနှင့် သင်ခန်းစာ လက်တွေ့ ယူရန် တင်ပြပါရစေ။

*၁။ ယောသပ် အသက်တာ။* ညီအစ်ကိုများ၏ ငြင်းပယ်ခံရမှုကြောင့် အဲဂုတ္တုပြည်သို့ ရောက်သွားရ၏။ ညီ အစ်ကိုများက သူ့၏ စကားကို လက်မခံနိုင်ကြ။
(က) အကျဉ်းထဲ အချ ခံရ။ ကမ္ဘာ ၃၇း၂၄။ (ခ) အရောင်းစား ခံရ။ ကမ္ဘာ ၃၇း၂၈
(ဂ) ကျွန် ခံရ။ ကမ္ဘာ ၃၉း၁။ (ဃ) မတရားစွပ်စွဲ ခံရ။ ကမ္ဘာ ၃၉း၁၄–၁၈
(င) ထောင်တွင် အကျဉ်းချ ခံရ။ ကမ္ဘာ ၃၉း၂၀

သင်၏ ဘဝအခြေအနေ ယောသပ် လောက်ခံရပါသလား။ အခြားသူမပြောနှင့် ကိုယ့်ရဲ့ သွေးသားရင်းချာများ ရင်းနှီးကျွမ်းဝင်ခဲ့သော သူငယ်ချင်းများ၏ ငြင်းပယ်ခံရလျှင် ယောသပ်အကြောင်းကို ဆင်ခြင်လိုက်ပါ။ ယောသပ်၏ တုံ့ပြန်မှုမှာ ချည်နှောင်မှုနှင့် မဟုတ်၊ ဝမ်းနည်းကြေကွဲစရာနှင့်လည်း မဟုတ်၊ ဘုရားသခင်၏ ပို့ဆောင်ခြင်းကြောင့်သာ ဖြစ်တယ်လို့ ခံယူခြင်းကြောင့် (ကမ္ဘာ ၄၅း၅) ဒုတိယ 'လင်' မဖြစ်ဘဲ၊ ဒုတိယ 'ဘုရင်'ခံဖြစ်လာရလေသည်။ သင့်နှလုံးသား မှန်ကန်ပါစေ။ ဘုရားရှင် သာ၍ ချီးမြှောက်ရန် ရှိသည်။ နှိမ့်ချသူကို ဘုရားသခင်က ချီးမြှောက် မည်ဟု နှုတ်ကပတ်တော်မှ ရှင်းလင်းစွာ ဖော်ပြထားပါသည်။ "အကြောင်းမူကား၊ ကိုယ်ကိုကိုယ်ချီးမြှောက်သော သူမည်သည်ကား၊ နှိမ့်ချခြင်းသို့ ရောက်လတ္တံ့။ ကိုယ်ကို ကိုယ်နှိမ့်ချသောသူ မည်သည်ကား၊ ချီးမြှောက်ခြင်းသို့ ရောက်လတ္တံ့ဟု မိန့်တော်မူ၏။" လုကာ ၁၈း၁၄
"ထိုကြောင့် ကာလအချိန်တန်လျှင်၊ ဘုရားသခင်သည် သင်တို့ကို ချီးမြှောက် တော်မူမည်အကြောင်း၊ တန်ခိုးကြီးသောလက်တော်အောက်၌ ကိုယ်ကို ကိုယ်နှိမ့်ချ ကြလော့။" ၁ပေ ၅း၆

*၂။ မောရှေအသက်တာ။* သူ၏ အမျိုးသားချင်း ပေါက်ဖေါ်များ၏ ငြင်းပယ်ခြင်းကို ခံရသည်။ ခေါင်းဆောင် ဖြစ်လာသောအခါတွင်လည်း သူ၏ နောက်လိုက်များက သူ့ကို ငြင်းပယ် ကြသည်။ ဘယ်သူက မင်းကို ငါတို့ အပေါ်မှာ ခေါင်းဆောင် ခန့်ထားလို့လည်း၊ စားစရာ မရှိ၊ သောက်စရာ မရှိတဲ့ တောထဲကို ငါတို့ကို ဘာကြောင့် ခေါ်ခဲ့တာ လည်းဆိုပြီး အမျိုးမျိုး ကိုယ့်ရဲ့ လူမျိုးများ၏ ငြင်းပယ်ခြင်းကို ခံရ၏။ သင်လည်း သင်၏ လူမျိုးများ၏ ငြင်းပယ်မှုကို ခံရဘူးပါသလား။ မောရှေကဲ့သို့ သင် ငြင်းပယ်ခံရခဲ့လျှင် မည်ကဲ့သို့ တုံ့ပြန်မည်နည်း။ မောရှေကတော့ သူကိုးကွယ်တဲ့ ဘုရားကိုသာ မျှော်ကြည့် လျှက် တုံ့ပြန်သောကြောင့်၊ ဘုရားသခင်သည် မောရှေကို မြေကြီးပေါ်မှာ ရှိသောသူ အပေါင်းတို့ထက် သာ၍ နူးညံ့သိမ်မွေ့သော သဘောရှိ၏လို့ ချီးမွမ်း ထားပါတယ်။ တောလည် ၁၂း၃၊ တောလည် ၁၆း၁–၃၅ ။ သင်လည်း ခေါင်းဆောင် နေရာမှာ နေရ၍ သင်၏ နောက်လိုက်များက သင့်ကို ငြင်းပယ်ခံရလျှင် အဘယ်ကဲ့သို့ တုံ့ပြန်မည်နည်း။



သခင့်စကား ဝိညာဉ်ရေး ရာစာစောင် အမှတ်စဉ် ၉၈။ အောက်တိုဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိမြန်မာခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

*(၃) အမိဝမ်းတွင်းမှ သူတောင်းစား။* ယော ၉း၁–၃၄။ အမိဝမ်းတွင်းမှ မျက်စိကန်း၍ ယေရှုနှင့် တွေ့သောအခါ မျက်စိ ပြန်မြင်ခဲ့ပါသည်။ သို့သော် ဘာသာရေး ခေါင်းဆောင်ဖြစ်သည့် ဖါရိရှဲများက သူ့ကို ငြင်းပယ်ခဲ့ကြသည်။ သို့သော် ဘာသာရေး ခေါင်းဆောင်များ၏ ငြင်းပယ် ခံရမှုကြောင့် ယေရှုကို ကောင်းစွာသိပြီး ယုံကြည်လာခဲ့ရသည်။ တခါတရံ ကျွန်ုပ်တို့ သည် ဘာသာရေး အမည်ခံ ခရစ်ယာန်များ၏ ငြင်းပယ်ခံရမှုကြောင့် ပို၍ ဝိညာဉ် ရေးရာ၌ စစ်မှန်သော ကယ်တင်ခြင်းနှင့် သမ္မာတရားကို သာ၍ တွေ့ရမည်ဖြစ်သည်။

*(၄) သခင်ယေရှု၏ ဘဝသက်တာ။* "သူသည် မိမိဒေသ အရပ်သို့ ကြွလာသော်လည်း၊ မိမိ လူမျိုးတို့သည် သူ့ကို လက်မခံကြ။" (ယော ၁း၁၁)။ သခင်ယေရှုသည်ပင်လျှင် လူ့ဇာတိ ဖြစ်သည့် သူ့ရဲ့ လူမျိုး ဂျူးများက သူ့ကို ငြင်းပယ်ကြပါသည်။ ဉခင်ယေရှုသည် လူမျိုးများ၏ ငြင်းပယ်ခြင်းကို ခံရပါသည်။ ဘာသာရေး ခေါင်းဆောင်များ၏ ငြင်းပယ်မှုကိုလည်း သခင်ယေရှု ကိုယ်တိုင် ခံရပါသည်။ သို့သော် သူလုပ်ဆောင်ရမည့် အရာများကို ပြီးဆုံး သည်အထိ ခမည်းတော်ဘုရား၏ အလိုတော်ကို ဆောင်လျက် အမှုတော်ကို သေသည့် တိုင်အောင် ဆောင်ရွက်သွားပါသည်။ နောက်ဆုံး သူကိုယ်တိုင် ရွေးချယ် ထားသည့် ချစ်စွာသော တပည့်တော်များ၏ ငြင်းပယ်စွန့်ပစ်ခြင်းကို ခံရပါသည်။ သို့သော် သူ၏ တပည့်များကို အဆုံးတိုင်အောင် ချစ်သွားကြောင်း သမ္မာကျမ်းစာ၌ ဤကဲ့သို့ ဖေါ်ပြထားပါသည်။ "ဤလောက၌ ရှိသော မိမိလူတို့ကို ချစ်တော်မူ သောကြောင့် အဆုံးတိုင်အောင် ချစ်တော်မူ၏။" (ယော ၁၃း၁)။ သင်သည်လည်း ချစ်ခင်သူ အပေါင်းအသင်း၊ သူငယ်ချင်း၊ ရည်းစား ငြင်းပယ်ခံရလျှင် အဘယ်ကဲ့သို့သော မေတ္တာမျိုးနဲ့ တုံ့ပြန်မည်နည်း။ သခင်ယေရှုကတော့ ကျွန်ုပ်တို့ကို အဆုံးတိုင်အောင် ချစ်ကြောင်း။ အဓိပ္ပါယ်က ဘုရားမေတ္တာ သည်သာလျှင် အဂါပေမေတ္တာ၊ မဆုံးနိုင်သော မေတ္တာမျိုး ဖြစ်သောကြောင့် အဘယ်ကဲ့သို့၄င်း၊ အဘယ်သူ၏ ငြင်းပယ်မှုကို ခံရစေကာမူ သင့်ကို သူတစ်ပါးက၄င်း၊ ချစ်သောမိတ်ဆွေများ ငြင်းပယ်ခံရသော်လည်းကောင်း သင့်ကို ထာဝစဉ် လက်ခံမည်ဟု ထာဝရမေတ္တာနှင့် ထာဝရ မခွဲခွာပဲ အမြဲတမ်းလက်ခံမည့်သူ ယေရှုခရစ်တော်တပါးတည်းသာလျှင် ရှိကြောင်း၊ မဆုံးနိုင်သော အဂါပေ မေတ္တာသာလျှင် အနိုင်ယူ သက်သာစေမည် ဖြစ်ကြောင်း "အဆိုး အားဖြင့် အရှုံးမခံနှင့်၊ အကောင်းအားဖြင့် အဆိုးကို နိုင်လော့" ဟူသော သမ္မာတရားအားဖြင့် ဝေငှခွန်အားပေး လိုက်ရပါတယ်။ ။ *စလန်းဆန်*

---

## အနီရောင်ချစ်သက်သေ

ဒီကနေ့ စင်္ကာပူနိုင်ငံကြီးမှာ လူများစွာ အကြီးအကျယ် အလုပ်ရှုပ်ကြတဲ့ အချိန် (၂)ချိန် ရှိပါတယ်။ ပထမ တစ်ချိန်ကတော့ နေရာ တိုင်းမှာ ရောင်စုံမီးသီးများ၊ ပန်းစက္ကူများနှင့် မျက်စိ မဆုံးနိုင်အောင် အလှဆင်ရင်း ကယ်တင်ရှင် မေရှိယ မွေးဖွား ပြီး ဆိုတာကို လူတိုင်း သိပါတယ်။ ဒုတိယ အချိန်ကတော့ တစ်လမ်းလုံး အရောင် နီနီ ရဲရဲများ ပြည့်နှက်နေရင် တရုတ် နှစ်သစ်ကူး ချိန်ရောက်ပြီး ဆိုတာကို သိနိုင်ပါတယ်။ တရုတ် လူမျိုးများဟာ အနီရောင် ဝတ်ဆင်၍ အနီရောင်ပါသော လက်ဆောင် ပစ္စည်း များနှင့် မိဘအိမ် (မိတ်ဆွေ) များထံ သွားရောက် လည်ပတ်ခါ ဘိုးဘေးများရဲ့ အစဉ် အလာကို လက်ဆင့်ကမ်း၍ သယ်ယူ နေခြင်း ဖြစ်ပါတယ်။ တစ်ခုသော နှစ်သစ်ကူး အခါ သမယမှာ ကျွန်မ MRT စီးပြီးတော့ ဟိုကြည့်ငေး ဒီကြည့်ငေး နေတုံးမှာ တရုတ်လူမျိုး တစ်ချို့က အနီရောင်ဝတ်ပြီး၊ အနီရောင် လက်ဆောင်ပေးကာ တစ်ဦးက ငါ့မှာ အပြစ် ရှိပါတယ်။ ခွင့်လွှတ်ပါ။ နောက်တစ်ဦးကလည်း ငါလည်း အတူတူပဲ။လို့ ပြန်ပြောပါတယ်။ တစ်နှစ်တာ အပြစ်များကို နှစ်သစ်မကူးခင် မသယ်သွားရအောင် အပြစ် ဝန်ချခြင်း ဖြစ်ပါတယ်။ "သင်တို့ အပြစ်သည် နီသော အဆင်းရှိ" (ဟေရှာ ၁း၁၈) ကျွန်မတို့ရဲ့ အပြစ်ဟာ အနီရောင် ဖြစ်တယ်လို့ နှုတ်ကပတ်တော်က ပြောထား ပါတယ်။ ဒါကြောင့် လူအပေါင်းတို့ရဲ့ အပြစ်ဟာ အနီရောင် ရှိပါတယ်။ စဉ်းစား စရာနဲ့ ဖန်ဆင်းရှင်ရဲ့ အံ့ဩဖွယ်က လူ့ရဲ့ ကိုယ်ခန္ဓာထဲက သွေးကလည်း အနီရောင်ပဲ ဖြစ်ပါတယ်။ အဲဒီမှာ ဘုရားသခင်က သူတို့ရဲ့ ကိုယ်ခန္ဓာ လုံခြုံရန် အတွက် သိုးကလေး တစ်ကောင်ကို သတ်ပြီး အသွေးသွန်း စေခဲ့ရပါတယ်။ အရာ အားလုံးကို သိနှင့်တဲ့ ဘုရားက ကျွန်မတို့အတွက် အပြစ်အနီ အတွက်၊ အသွေး အနီကို ကြိုတင်ပြင်ဆင် ပေးထားခဲ့ပါတယ်။ ဝတ် ၁၇း၁၁ "ကိုယ်ခန္ဓာ၏ အသက်သည် အသွေး၌ တည်၏၊ သင်တို့ပြုသော အပြစ်ကို ဖြေစေခြင်းငှါ ထိုအသွေးကို သင်တို့အား ယဇ်ပလ္လင်ပေါ်မှာ ငါပေးပြီ။ လူ အပြစ် ဖြေသောအရာက အသွေး ဖြစ်သတည်း" ကျွန်မနှင့် လူအပေါင်းတို့ဟာ အပြစ် ရှိ၍ ဘုရားနဲ့ အသက်မရှင်နိုင် တော့သောကြောင့် သခင်ယေရှုဟာ လက်ဝါး ကပ်တိုင်လို့ ခေါ်တဲ့ ယဇ်ပလ္လင်မှာ ကျွန်မတို့ အတွက် အသွေးသွန်း၍ အပြစ်ဖြေ ခဲ့ရပါတယ်။ "အသွေးသွန်းခြင်း မရှိရင်၊ အပြစ် လွှတ်ခြင်း မရှိနိုင်"

ဒါကြောင့် ဘုရားသခင်နဲ့ ကျွန်မတို့ ကြားမှာ အာမခံတစ်ဦး ရှိပါတယ်။ "ဘုရား သခင်နှင့် လူတို့၏ စပ်ကြားမှာ လူဖြစ်သော ယေရှုခရစ် တည်းဟူသော အာမခံ တစ်ဦးတည်းရှိ၏။ ထိုအာမခံသည် လူအပေါင်းတို့ကို ရွေးအံ့သောငှါ ကိုယ်ကို ကိုယ် စွန့်တော်မူပြီ။" ၁တိ ၂း၅–၆။ ဒီကနေ့ လူသားဖြစ်သော ယေရှုဘုရားက ဘုရား အနေနဲ့ လာကယ်ရင် မိတ်ဆွေနဲ့ ကျွန်ုပ် အကယ်ခံရမှာ မဟုတ်ဘူး။ ကြောက်လို့ ထွက်ပြေးမှာ။ ဥပမာ... ကျွန်မတို့က ကြောင်ကလေးက ဒဏ်ရာရလို့ အနားမှာ ဆေးကုပေးဖို့ သွားရင် သူက ထွက်ပြေးတယ်။ အနား အကပ်မခံဘူး။ သူတို့ "ကြောင်" အချင်းချင်း ကျတော့၊ ok နေပြီး ဘာမှ မဖြစ်ပါဘူး။ ဒါကြောင့် ဘုရားဖြစ်သော ယေရှုဟာ လူရဲ့ အသွင်သဏ္ဍာန်နဲ့ လာ၍ ကယ်ရပြီး လူသားဖြစ်သော ယေရှု ဖြစ်အောင်လို့ ဘုရားသခင်က သချာ်နည်းအရဆိုရင် သဏ္ဍာန်တူအောင် ညှိခြင်း ပါပဲ။ ကျွန်မတို့ရဲ့ အပြစ်ဟာ အနီရောင်၊ သခင်ယေရှုရဲ့ အသွေးတော်နဲ့ ဆေးကြောတဲ့ အခါမှာ ဘုရားဘက်က အမြင်မှာ "မိုးပွင့်ကဲ့သို့ ဖြူစင် သွားပါတယ်" ဟေရှာ ၁း၈။

ဒီကနေ့ တရုတ်လူမျိုး အများစု နေထိုင်သော ဒီနိုင်ငံမှာ သူတို့ရဲ့ အစဉ်အလာကို သိဖို့ရန် ဆင်ခြင်ဖို့ ဘုရားက ပို့ထားခြင်း ဖြစ်ပါတယ်။ အသက်ကြီးသူ အိမ်ထောင် ပြုပြီးသားများက တရုတ်နှစ်သစ်ကူးမှာ လူငယ်များကို ဟုန်ပေါင်း ပေးကြ၍ အထဲမှာ ငွေ ပါသောကြောင့် သိပ်ပျော်ကြတာပေါ့။ သူတို့ဟာ အနီရောင် လက်ဆောင်ပေး၊ အနီရောင် အဝတ်၊ လက်ကိုင်အိတ် များကို ဆင်မြန်းပြီး၊ ငါတို့ဟာ အပြစ် ရှိတယ် ခွင့်လွှတ်ပါလို့ တစ်ဦးကလည်း ငါ့မှာလည်း ရှိတာပဲလို့ ပြောကြသလိုပဲ ကျွန်မ ရင်ထဲမှာ ဘုရားစကား ပြောသံ ကြားခဲ့ရပါတယ်။ သူတို့ ပေးသော ဟုန်ပေါင်းက "ဟုန်" ဆိုတာ အနီရောင် ဖြစ်ပြီး၊ "ပေါင်း" ဆိုတာ မမြင် ရအောင် ဖုက် ထားတဲ့ အရာလို့ အဓိပ္ပါယ် ရကြောင်း သိရပြီး ဘုရားသခင် ကလည်း ကျွန်မ အပါအဝင် လူအပေါင်းကို ဟုန်ပေါင်း ပေးနေပါတယ်။ ဟုန် ဆိုတဲ့ သခင်ယေရှုကားတိုင် မတက်ခင် ဒဏ်ချက်များမှ သွေးစက်များ၊ ဆူးရစ်မှာ သွေး ဒဏ်ရာ အစက်စက် ကျခဲ့ခြင်း၊ ရောမစစ်သားများရဲ့ ဝတ်ဆင်ပေးမှု အရ ကျွန်မနှင့် လူအပေါင်း တို့ရဲ့ အပြစ်ကို သူ့ရဲ့ အပေါ်မှာ မျက်ဝါး ထင်ထင် မြင်စေတာကတော့ သခင်ယေရှုကို ဆင်မြန်း ပေးကြတဲ့ နီမောင်းသော ဝတ်ရုံဟာ "ဟုန်" ဖြစ်ပြီး "ပေါင်း" ဆိုတာက သခင်ယေရှုပဲ ဖြစ်ပါတယ်။ ဒီကနေ့ ဟုန်ပေါင်း များလေ၊ ငွေများများ ရ၍ ပျော်ကြပါတယ်။ ထာဝရ ကာလအထိ ပျော်နိုင်ဖို့အတွက် ဘုရား ပေးတဲ့ ဟုန်ပေါင်းကို ရယူလက်ခံသော သူသည် သခင်ယေရှု ပြုခဲ့တဲ့ ကယ်တင်ခြင်းတရားကို ခံရမှာဖြစ်ပြီး အထဲမှာ ဖုက်ထားတဲ့ သခင်ယေရှုဆီမှာ လောကအတွက် သာမကပဲ တမလွန်အတွက်ပါ စိတ်ချရအောင် ထာဝရအသက် ပါသောကြောင့် ချစ်သော မိတ်ဆွေအပေါင်းတို့ လောကကြီးမှာ အသက်ရှင်စဉ် မမေ့နဲ့ နော် ဘုရားပေးသော ဟုန်ပေါင်းကို ရယူနိုင်ကြပါစေ။ ။ *( မာရာနသာ နီနီခိုင် )*

---



## လောက၏အလင်း: Samuel Soe Lwin

သင်တို့သည် ဤလောက၏အလင်း ဖြစ်ကြ၏။ (မ ၅း၁၄) ငါသည် ဤ လောက၏ အလင်း ဖြစ်၏။ (ယော၈း၁၂) ခရစ်တော်သည် ဤလောက၏ အလင်း၊ တဖန် ကျွန်ုပ်တို့သည်လည်း ဤ လောက၏ အလင်းဖြစ်သည် ဟူ၍ ဆိုထားသော် လည်း ကျွန်ုပ်တို့၏ အလင်း ဖြစ်ခြင်းနှင့် ခရစ်တော်၏ အလင်း ဖြစ်ခြင်းတို့သည် လုံးဝ မတူညီပါချေ။ ခရစ်တော် မှုကား သဘာဝအလင်းနှင့် သဘာဝ အရှိ အတိုင်း အလင်းရှင် ဖြစ်ပါ သည်။ ကျွန်ုပ်တို့မူကား အမှောင်တွင် မွေးဖွားလာရပြီး ခရစ်တော်၏ ပြုတော်မူခဲ့ သော ကောင်းမှုတရားတို့မှ အလင်း ဖြစ်လာရခြင်းပင် ဖြစ်လေ၏။ (၁ပေ ၂း၉၊ တ–၂၆း၁၈၊ ဧ–၅း၈) ကျွန်ုပ်တို့သည် ယုံကြည်သူ ဖြစ်လာသည့် အချိန်မှ စ၍ ကျွန်ုပ်တို့၏ ဘဝသက်တာသည် အရာရာ ပြောင်းလဲလာပြီး စိတ်သဘောထားသစ် တို့သည်လည်း မယုံကြည်သူတို့နှင့် ကွာခြား ခဲ့ရလေပြီ။ (၂ကော–၅း၁၇၊ "သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော် လည်းကောင်း၊ မည်သည့် အမှုကို ပြုသော် လည်းကောင်း၊ ဘုရားသခင်၏ ဘုန်းတော်ကို ထောက်၍ ခပ်သိမ်း သော အမှု ကိစ္စကို ပြုကြလော့။" (၁ကော–၁၀း၃၁) ထိုမျှမက ကျွန်ုပ်တို့၏ ကောင်း သောအမှု (အလင်း) တို့ကြောင့် လူတို့သည် ဘုရားရှင်အား ချီးမွမ်းခြင်း ရှိစေရန် (မ ၅း၁၆) ဖြစ်ပါသည်။ ထိုအလိုတော် ပြည့်စုံ ရန်မှာ ဘုရားနည်းကိုသုံးရန် လိုအပ် လှပေ သည်။ ၎င်းတို့မှာကား–

<u>၁)မကောင်းမှုမှသီးခြားရပ်တည်ခြင်း။</u> ကျွန်ုပ်တို့၏ အသက်တာအားဖြင့် ဘုရားရှင်၏ အလင်း တော်အား လူတို့မြင်တွေ့နိုင်ရန် ပြုလုပ်ရမည့် အရေးကြီးဆုံးသော ပဋ္ဌမအချက်မှာ အပြစ်မှောင်မိုက်မှု၊ မယုံကြည်မှု၊ လောကီဆန်မှု၊ ဘုရားမဲ့ အသက်ရှင်မှုနှင့် မိစ္ဆာ အယူတို့မှ သီးခြားထွက်ခွာပြီး အလိုတော် အတိုင်း အသက်ရှင်ဖို့ လိုအပ်လှပါသည်။ (၂ကော–၆း၁၄–၁၈၊ ၂သက်–၃း၆–၁၅) ထို့အတူ အချီးနှီးမဲ့ ဖြစ်သော



*သခင့်စကား* ဝိညာဉ်ရေး ရာစာစောင် အမှတ်စဉ် ၉၈။ အောက်တိုဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိမြန်မာခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

လောကီအမှု များကို မိတ်သဟာယ မပြုရုံသာမက သူတို့၏ ဤခြေအနေ မှန်ကို ဖေါ်ပြ ပေးဖို့မှာ ကျွန်ုပ်တို့၏ တာဝန်တစ်ရပ်ပင် ဖြစ်လေသည်။ "အကျိုးမဲ့သော မှောင်မိုက် အမှုတို့နှင့် မဆက်ဆံသည်သာမက၊ ထိုအမှုတို့၏ ဤပြစ်ကို ပြကြလော့။" ကျွန်ုပ်တို့သည် ဤလောက၏ အလင်းတစ်ခု ဖြစ်ရန်မှာ အမှောင်၌ လျှောက်လှမ်းခြင်းကို ရပ်တန့်ရုံသာမက ခရစ်တော်၏ နှုတ်တော်ထွက်များအား တသွေမတိမ်း မြေဝယ် မကျ နာယူ ကျင့်သုံးမှသာ ဤလောကအတွက် အလင်းစစ် ဖြစ်လာရပေမည် မဟုတ်ပါလား။ (ယော–၈း၁၂)။ လူ၏သဘာဝသည် ကြားနာရသဖြင့် လူတို့၏ ယုံကြည်ကိုးစားခြင်းကို အလွယ်တကူ မရနိုင်သော်ငြားလည်း မြင်တွေ့ရာမှ တစ်ဆင့် လူအပေါင်းတို့၏ ယုံကြည်မှုကိုကား ရယူရန် ရာနှုန်းပြည့် သေချာလှပေသည်။ ထို့ကြောင့် ကိုယ်တိုင် ပြော၍ ပြခြင်းသည် အကောင်းဆုံးသော အလင်းကို ဆောင်နိုင်မည့် နည်းစနစ် ကောင်းပင် ဖြစ်လေသည်။ (၁ကော ၁၁း၁)

၂)<u>အလင်း၌ကျင်လည်မှုရှိခြင်း</u>။ အလင်း၌ ကျင်လည်ခြင်းဟူသည်ကား၊ နှိမ့်ချစွာ ဘုရားနှင့် လျှောက်လှမ်းခြင်း၊ ဘုရား၏ မေတ္တာတော်၊ ဘုရားရှင်၏ သမ္မာတရားနှင့် သူ၏ မျက်မှောက်တော်၌ အသက်ရှင်ခြင်းတို့ပင် ဖြစ်ပါသည်။ ဘုရားရှင်အား မျက်မှောက်ပြု ၍ အသက်ရှင် လျှောက်လှမ်းခြင်း ရှိမှသာ ခရစ်တော် ပြုခဲ့သော အမှုများကို သာ၍ အလေးထား မြတ်နိုးတတ်လာပြီး ဘုရားရှင်၏ အလင်း၊ သမ္မာတရားကို မြင်တွေ့ တတ်လာရုံမက ကျွန်ုပ်တို့၏ မဖြောင့်မတ်မှုနှင့် အပြစ်၏ သဘောတရားများကိုလည်း ကိုယ့်ကိုယ်ကို ဖြတ်တတ်လာပေမည်။ ထိုအရာမှတစ်ဆင့် ကျွန်ုပ်တို့အား အပြစ်မှ ဆေးကြော သန့်ရှင်းစေသော ခရစ်တော်မြတ်၏ အသွေးတော်မြတ်အားဖြင့် ကျွန်ုပ်တို့ သည် ဘုရားရှင်၏ အလင်းတရား၌ သာ၍ အသက်ရှင်တတ်လာပြီး ရောင်ပြန်ဟပ် လာသော အလင်းကို လောကီသားတို့ မြင်တွေ့လာပေလိမ့်မည်။

၃) <u>ခရစ်တော်နှင့်ကျွန်ုပ်တို့အကြား ကြားခံမရှိစေရ</u>။ အကောင်းဆုံးသော ရောင်ပြန်ဟပ်မှုကို ရရှိနိုင်ရန်အတွက် အဓိက လိုအပ်မှုမှာ ကြေးမုံပြင် တစ်ချပ်ကဲ့သို့ သန့်ရှင်းကြည်လင်နေရန် ဖြစ်ဖို့လိုအပ်ပါသည်။ ကြည်လင်နေသော လ သို့မဟုတ် မှန်တစ်ချပ်အား နေရောင်ဖြင့် ထိတွေ့စေသောအခါ တောက်ပတဲ့ နေရောင်ခြည်အလင်းနဲ့အတူ သဘာဝရဲ့ နေရောင်ခြည်ပမာဏအတိုင်း အလင်းရောင် ပြန်ဟပ်မှုကို ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။ အကယ်၍ ကြေးမုံပြင်သည် မှုန်ဝါးနေ၍သော်လည်းကောင်း၊ 'နေ'အား ကျောပေးထားသော်လည်းကောင်း၊ သို့မဟုတ် နေနှင့် ကြေးမုံပြင် သို့မဟုတ် 'လ' အကြား တစ်စုံတစ်ရာ အခုအခံ ရှိထားသော် ကြေးမုံပြင် တစ်ချပ်သည် အဘယ်ကဲ့သို့ အလင်းကို ရောင်ပြန်ဟပ်နိုင်ပါမည်နည်း။ ထို့အတူပါပဲ မိတ်ဆွေ၊ ယနေ့ ကျွန်ုပ်တို့ ယုံကြည်သူအကြားတွင် အဘယ်မျှ ကျွန်ုပ်တို့ အသက်တာအားဖြင့် ဘုရားဘုန်းတော် ထင်ရှားစေသည် ဆိုသည့်အရာမှာ အဘယ်မျှ ကျွန်ုပ်တို့ ဘုရားရှင်အား ကျွမ်းဝင်မှု ရှိသလဲ၊ အဘယ်မျှ မိတ်သဟာယ ရှိသလဲ၊ အဘယ်မျှ ဆက်ကပ်နာခံမှုရှိသလဲ ဆိုသည့်အပေါ်တွင် မူတည်နေပါသည်။ ကျွန်ုပ် တို့ဟာ ကြည်လင်တဲ့ ကြေးမုံပြင်တစ်ချပ်လို ဘုရားရှင်အား မျက်မှောက်ပြုနေသူလား၊ ဒါမှမဟုတ် အလင်းကို ကွယ်စေသည့်အရာများဖြစ်သည့် အပြစ်တရား၊ အတ္တတရား၊ လူပုဂ္ဂိုလ်နှင့် အခြား အခြားသောအရာများ ကျွန်ုပ်တို့နှင့် ဘုရားရှင် အကြားမှာ ရှိနေပါသလား ဆိုသည့်အရာကို အစဉ် သတိချပ်သင့်ပါသည်။

မောရှေဟာ ဘုရားရှင်နဲ့ နီးကပ်စွာ အသက်ရှင်မှုတို့ကြောင့် မောရှေ၏ မျက်နှာ (အသက်တာ)တွင် ဘုရားရှင်၏ ဘုန်းတော်အား ရောင်ပြန်ဟပ် စေခဲ့လေပြီ။ (ထွက်–၃၄း၃၅) ထို့အတူ သတေဖန်၏ အသက်တာတွင်လည်း ကောင်းသော အလင်းတော်ကို ရောင်ပြန် ဟပ်စေခဲ့သည်မဟုတ်ပါလား။ (တ–၆း၁၅) ထို့ကြောင့် လောက၏ အလင်းစင်စစ် တစ်ခုဖြစ်ရန်မှာ ဘုရားရှင်နှင့် ကျွန်ုပ်တို့အကြားတွင် အလင်း ကို ဟန့်တားစေမည့် အရာများ အားလုံးကို ရှင်းလင်းဖို့ လိုအပ်ပေသည်။

ခရစ်တော်၏ "ငါသည် လောက၏ အလင်း ဖြစ်၏" နှင့် သင်တို့သည် လောက၏ အလင်းများ ဖြစ်ကြ၏ (မ ၅း၁၄၊ ယော ၈း၁၂) ဆိုသည့် စကားတော်အား ဆင်ခြင်ကြည့်သောအခါမှာ ခရစ်တော်သည် သဘာဝ သူ့ကိုယ်၌က အလင်းရှင် ဖြစ်သည်ကို သိမှတ်ရုံသာမက၊ ကျွန်ုပ်တို့သည်ကား ပင်ကိုယ် အလင်းဖြင့် မလင်းနိုင်ပေ။ 'လ' ကဲ့သို့ လည်းကောင်း၊ ကြေးမုံပြင်တစ်ခု ကဲ့သို့လည်းကောင်း အလင်းစစ် ဖြစ်သော နေမင်း (ခရစ်တော်)မှသာ တိုက်ရိုက် အလင်းကို ခံယူပြီးမှသာ အလင်းကို ဆောင်နိုင်သည့် အဖြစ်မှန်ကို သိထားပါက မိမိတို့၏ အသက်တာအားဖြင့် ဘုရားအတွက်၊ အများအတွက် အသက်ရှင်လိုသူများအဖို့ အထက်ပါ နည်းစနစ် သုံးချက် အားဖြင့် အမှန် ဘုရား ဘုန်းတော် ထင်ရှားလာရပေမည်။ (ယော၁၅း၅)တွင် ငါနှင့် ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြဟူ၍ ခရစ်တော်ရှင်သည် အတိ အလင်း မိန့်ဆိုခဲ့ပါသည်။ ထို့အတူ "အကြင်သူသည် ငါ၌ တည်၍၊ ငါသည်လည်း သူ၌ တည်၏။ ထိုသူ (သင်နှင့် ကျွန်ုပ်)သည် များစွာသော အသီးကို သီးတတ်၏" ဟူ၍ ဂတိတော် စကားကို မိန့်ဆိုခဲ့လေပြီ။ သာ၍ အလင်းကို ဆောင်သော ဤလောက၏ အလင်းစစ်များ ဖြစ်ဖို့ ဓမ္မမိတ်ဆွေအား ဘုရားရှင်သာ၍ ကောင်းကြီးပေးပါစေ။

နာမတော်မြတ်၌ **Samuel Soe Lwin**

---------------------------------------------



## တရုတ်စကားပန်းကလေးများ

*မင်းအောင်သက်လွင်*

ဆေးရုံ တစ်ရုံကြီးထဲမှာ အမှိုက်လှဲတဲ့ အဖိုးအိုကြီး တစ်ယောက်ရှိတယ်။ သူ့ အလုပ်ကတော့ မနက်စောစော ဆေးရုံ တစ်ဝင်းလုံးမှာ ရှိတဲ့ အမှိုက်တွေကို တံမြက်စည်း တစ်လက်နဲ့ လိုက်လံ လှဲကျင်းပေးရတာ ဖြစ်ပါတယ်။ ဆေးရုံဝင်း ပတ်ပတ်လည်မှာ တရုတ်စကားပင်တွေ တန်းစီပြီး စိုက်ထားတာ ဖြစ်တဲ့အတွက် မနက် မိုးလင်းတဲ့အခါတိုင်း ဝင်းလုံးပြည့် ကြွေကျနေတဲ့ တရုတ်စကားပန်းတွေကို တံမြက်စည်း တစ်ချောင်းနဲ့ လှဲရတာဟာ သူ့အသက် သူ့အရွယ်နဲ့ တော်တော် ခက်ခဲလှပါတယ်။ ဆေးရုံဝင်းက ကျယ်တာက တစ်ကြောင်း၊ တရုတ်စကားပင်တွေက များတာက တစ်ကြောင်း၊ တရုတ်စကားပန်း တွေကလဲ နေ့တိုင်းလိုလို ကြွေကျတာက တစ်ကြောင်းကြောင့် မနက်စောစော နေ မထွက်ခင်က လှဲခဲ့ရတဲ့ ပန်းတွေဟာ နေမြင့်ခါနီး အထိ လှဲနေရတုံး ဖြစ်တဲ့အတွက် သူ့အတွက် တော်တော်လေးကို ပင်ပန်းတဲ့ အလုပ် ဖြစ်လို့နေပါတယ်။

တစ်နေ့သော ညမှာ အိပ်ယာ မဝင်ခင် သူ့အလုပ် ပင်ပန်းတဲ့အကြောင်း စဉ်းစားမိပြီး သူ့အတွက် ခက်ခဲနေတဲ့ အရာဖြစ်တဲ့ အဲဒီတရုတ်စကားပန်းတွေ နောက်နေ့ မနက်မှာ လှဲစရာ မလိုတော့ဖို့ ဘုရားသခင်ဆီမှာ ဆုတောင်းမိပါတယ်။ လိုချင်တဲ့ ဆုကို စိတ်လိုလက်ရ ဆုတောင်းပြီးတာနဲ့ သူဟာ နှစ်နှစ်ခြိုက်ခြိုက်ဘဲ အိပ်ပျော် သွားပါတော့တယ်။ တကယ် အံ့ဩစရာပါ။ နောက်တစ်နေ့ မိုးလင်းတဲ့ အခါမှာ သူဆုတောင်း ထားတဲ့ အတိုင်း တရုတ်စကားပန်းတွေကို လှဲကျင်းစရာ မလိုတော့တဲ့ အခြေအနေကို ဆိုက်ရောက် သွားပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တရုတ်စကားပင်တွေ အကုန်လုံး အမြစ်က လန်ပြီး လဲကျသွားလို့ပါဘဲ။

နောက်မှ သူ သိလိုက်ရတာကတော့ ညက မုန်တိုင်းကျပြီး တခြား အပင်ကြီးတွေနဲ့ တကွ ဆေးရုံ ပတ်ပတ်လည်မှာ စိုက်ထားတဲ့ တရုတ် စကားပင်တွေ အကုန်လုံး လေပြင်းမုန်တိုင်းတိုက်ခတ်ရာ လမ်းကြောင်းအတွင်း ကျရောက်သွားပြီး အပင်တွေ အကုန်လုံး လဲကျသွားပါတယ်။ အံ့ဩစရာ ကောင်းလိုက်တာ။ အဖိုးကြီးရဲ့ ဆုတောင်းချက်ကို ဘုရားသခင် နားညောင်းတယ်။ အဲဒီ နောက်တစ်နေ့က စပြီး ကြွေကျစရာ တရုတ်စကားပန်းတွေ မရှိတော့တဲ့အတွက် အဖိုးကြီး လုံးဝ တံမြက်စည်း လှဲစရာ မလိုဘဲ နှစ်နှစ်ခြိုက်ခြိုက် နေမြင့်ကာနီးအထိ အိပ်စက် နားနေခွင့် ရသွားပါတော့ တယ်။ သူ့ လိုအင်ဆန္ဒနဲ့ ဆုတောင်း ပြည့်သွားတာပေါ့လေ။

ဒါပေမဲ့ သူမမျှော်လင့်ထားတဲ့ အဖြစ်အပျက်လေးတစ်ခု နောက်နေ့ မနက်မှာ ဖြစ်ပွားခဲ့တယ်။ အဲဒီ အဖြစ်အပျက်လေး တစ်ခုကတော့ လှဲစရာ အမှိုက် (ပန်း) တွေ မရှိတော့တဲ့အတွက် အဖိုးကြီးကို အလုပ်ဖြုတ်တဲ့ စာ ဆေးရုံရုံးခန်းထဲကနေ ထုတ်ပြန် ကြေငြာ ခဲ့ပါတယ်။ ဒီပုံပြင်လေးကို ကြည့်မယ်ဆိုရင် မိမိက ခက်ခဲတယ်လို့ ထင်ထားတဲ့အရာ၊ မိမိ အတွက် အတားအဆီး ဖြစ်တယ်လို့ ထင်ထားတဲ့အရာ၊ မိမိ လုံးဝ မုန်းတီး စက်ဆုပ်သော အရာ၊ မိမိ မနှစ်သက်တဲ့ အရာတွေဟာ တကယ်တော့ မိမိအတွက် အလိုအပ်ဆုံး အရာတွေ ဖြစ်နေတတ်ပါတယ်။ အမှိုက်တွေ အများကြီး ခြံဝင်းထဲ ကျနေတာ မကောင်းပေမဲ့၊ အဲဒီ အမှိုက်တွေက မိမိကို ထမင်း ကျွေးနေတာ ဖြစ်နေနိုင် ပါတယ်။ အမှိုက် လှဲခြင်း အားဖြင့် ရလာတဲ့ လုပ်ရတဲ့ အလုပ်ကြောင့် ရလာမဲ့ လစာ ငွေက မိမိကို ဝမ်းဝ၊ ခါးလှ စေပါတယ်။ 'ဆူး'က မကောင်းပါဘူး၊ ဒါပေမဲ့ တခြားသော တိရစ္ဆာန်တွေရဲ့ နှောင့် ယှက်မှုက ကင်းလွတ်ဖို့ နှင်းဆီပန်းတွေ၊ ရှားစောင်းပင်တွေ၊ ဆီးပင် တွေမှာ အရုပ်ဆိုးပြီး အနာတရ ဖြစ်စေတတ်တဲ့ 'ဆူး' ချောင်းကြီးတွေ ရှိနေခဲ့ပါတယ်။ 'လိပ်' ကိုယ်ပေါ်က လေးလံတဲ့ အခွံမာမာကြီးက လိပ် တစ်ကောင်ကို မလွတ်လပ် မပေါ့ပါး စေပေမဲ့ အဲဒီ အခွံမာမာ လေးလေး ကြီးအားဖြင့် 'လိပ်' ဟာ အခြားသော တိရစ္ဆာန်များရဲ့ ရန်မူမှု ကနေ အကာအကွယ် ရရှိခဲ့ပါတယ်။ ဒါ့ကြောင့် တမန်တော် ရှင်ပေါလုက မိမိ ကိုယ်ပေါ်က 'ဆူး'ကို ဖယ်ရှားဖို့ သုံးကြိမ်တိုင်အောင် ဆုတောင်းသော်လဲ ဘုရားသခင်ရဲ့ တန်ခိုးတော်က အားနည်း ခြင်း အဖြစ်၌ တည်တယ် လို့ ဝန်ခံခဲ့ပါတယ်။ ဘယ်အရာက မိမိကို အတားအဆီး အနှောက် အယှက် ဖြစ်နေပါသလဲ။ ထိုအရာကို ဖယ်ရှားပေးဖို့ ဘုရားသခင်ဆီမှာ ဆုတောင်းတာထက် ထိုအရာအားဖြင့် ကောင်းကြီးရဖို့ ယခုပင် ဘုရားသခင်ဆီမှာ ဆုတောင်းခံပါ။ မိမိ မနှစ်သက်သော အရာများ မိမိ အသက်တာမှာ ရှိလာခဲ့ရင် ထိုအရာများကို ဖယ်ရှားပစ်လိုက်ဖို့ ထက် ထိုအရာများအားဖြင့် ဘုရားသခင်ထံမှ ကောင်းကြီး မင်္ဂလာ ရယူနိုင်ဖို့ ကြိုးစား ကြပါစို့။ တရုတ်စကား ပန်းလေးများကို သတိရပါ။ ॥ *မင်းအောင်သက်လွင်*


သခင့်စကား ဝိညာဉ်ရေး ဂျာနယ်စောင် အမှတ်စဉ် ၉၈။ အောက်တိုဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိမြန်မာခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။


## "မိဘကိုရိုသေလေးစားခြင်း" (ချားလ်ရစ်မာ)

ဒီကနေ့ လူ့အဖွဲ့အစည်းကို ကြည့်တဲ့အခါမှာ များသောအားဖြင့် အချင်းချင်း ရန်လို မုန်းတီးမှု၊ ကွဲပြားမှု၊ ပုန်ကန်မှု စသည်တို့ကို တွေ့ရပါသည်။ လင်မယား ကွာရှင်း ပြတ်စဲမှု၊ သားသမီးများနှင့် မိဘများအကြား ဆက်ဆံရေး မပြေလည်မှု စသည့် မိသားစု ပြဿနာများလည်း တွေ့ရပါသည်။ နှုတ်ကပတ်တော် ကျမ်းစာ ထဲတွင် ထိုပြဿနာများကို ဖြေရှင်းရာ၌ "နှလုံးသားပြောင်းလဲခြင်း"သည် အဓိက ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် ဘုရားသခင် ကောင်းကြီး ပေးသော အိမ်ထောင် မိသားစု ဖြစ်နိုင်ရန် မိဘများ၏ တာဝန်၊ သားသမီးများ၏ တာဝန် စသည်တို့ကို (ဖေက် ၅း၆) တွင် ဖော်ပြထားသည်။ သားသမီးတို့၏ အဓိက တာဝန်မှာ "မိဘကို ရိုသေလေးစားခြင်း" ဖြစ်သည်။ (ဖေက် ၆း၁–၃)

<u>*၁။ သားသမီးတို့သည် မိဘစကားကို နားထောင်ရမည်။*</u> (ဖေက် ၆း၁) "သားသမီးတို့ ဘုရားသခင်၏ အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ကြလော့။မိဘ စကားကို နားထောင်ခြင်းအမှုသည် တရားသောအမှု ဖြစ်၏။ (က) မိဘ စကားကို နားထောင်ခြင်းအမှုတွင် "ဘုရားသခင်၏ အလိုတော်နှင့်အညီ" ဟု ဖော်ပြထားခြင်းမှာ မိသားစု ထဲတွင် မိဘများသည် ဘုရားသခင်၏ နေရာကို ကိုယ်စားပြုသူများ ဖြစ်ကြသောကြောင့် မိဘစကားကို နားထောင်ခြင်းသည် ဘုရားသခင်၏ စကားကို နားထောင်ခြင်းနှင့် အတူတူပင် ဖြစ်သည်။ (ခ) မိဘစကားကို နားထောင်ခြင်းအမှုသည် "တရားသောအမှု"။ ဆိုလိုသည်မှာ ဘုရားသခင် ဖန်ဆင်းထားသော သဘာဝ တရားနှင့် တစ်ထပ်တည်း ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ မိဘများသည် သားသမီးများကို လူ့လောက ထဲသို့ ရောက်ရှိ လာအောင် မွေးဖွားပေးခြင်း ဖြစ်ရာ အသိဥာဏ် အားဖြင့်သော် လည်းကောင်း၊ အတွေ့အကြုံအားဖြင့်သော် လည်းကောင်း၊ သားသမီးများထက် ရင့်ကျက် သဖြင့် မိဘစကားကို နားထောင်ခြင်းသည် တရားသော အမှု ဖြစ်သည်။

<u>*၂။ သားသမီးတို့သည် မိဘကိုရိုသေရမည်။*</u> (ဖေက် ၆း၂က) "မိဘကို ရိုသေစွာပြုလော့။ ဤကျမ်းပိုဒ်သည် ပညတ်တော်ထဲမှ ပဥ္စမမြောက် ပညတ်တော်ဖြစ်ပြီး ယုံကြည်သူများ လိုက်နာရန် ဖော်ပြထားပါသည်။ ဝိညာဉ် ပကတိကို ပိုင်ဆိုင်ထားသော ယုံကြည်သူများသည် ပညတ်တရား၏ အကျင့်ကို စောင့်ရှောက် နိုင်သည့်အပြင် ထိုသို့ စောင့်ရှောက်ရန် ဘုရားသခင် အလိုတော်ရှိသည်။ (ရောမ၈း၁–၄) မိဘကို မထီမဲ့မြင်ပြုသောသူသည် အမင်္ဂလာ ရှိစေသတည်း။(တရား ၂၇း၁၆)။ (က) မိဘကို ရိုသေ လေးစားရမည်။ မိဘများသည် သားသမီးများထက် အသက် ကြီးရင့်သည့် အချက်တစ်ခုတည်းနှင့် ပင်လျှင် လေးစားမှုကို ခံထိုက်ရန် လုံလောက်သည့် အချက်တစ်ချက် ဖြစ်သည်။ အသက်အရွယ် ကြီးရင့်သောသူသည် ငယ်သောသူထက် အတွေ့အကြုံ၊ ဗဟုသုတ ပို၍ များပါသည်။ ထို့ကြောင့် မိဘများ၊ ကိုယ့်ထက် အသက်ကြီးရင့် သူများကို နေရာ ပေးသင့်သည်။ သူတို့၏ သွန်သင်မှုများကိုလည်း နာခံသင့်သည်။ ရှောလမုန်မင်းသည် တန်ခိုး အာဏာ အပြည့်နှင့် ရာဇ ပလ္လင်ပေါ်တွင် ထိုင်နေသည့် အချိန် မှာပင် မိခင်အပေါ် ရိုသေလေးစားမှု ပြုခဲ့ပါသည်။ ရှင်ဘုရင်သည် မယ်တော်ကို ခရီးဦးကြိုပြုအံ့သောငှါ ထ၍ ဦးချပြီးမှ၊ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူ၏။ မယ်တော် ထိုင်စရာတို့ စီရင်၍ သူသည် လကျာ်တော်ဘက်မှာ ထိုင်လေ၏။ (၃ရာ ၂း၁၉)။ (ခ) မိဘကို ကျေးဇူးတင်ကြောင်း ဖော်ပြရမည်။ မွေးစမှ လူလားမြောက်သည် အထိ ပြု စု ပျိုးထောင်ပေးသည့် မိဘများ၏ ကျေးဇူးကို အမြဲ သတိရသင့်သည်။ သားသမီးများအတွက် မိဘတို့၏ ကြိုးစားမှု၊ အနစ်နာခံမှု၊ စွန့်လွှတ်မှုများကို သားသမီးတို့သည် အားလုံး နားမလည်နိုင်ပေ။ သို့သော် နေ့စဉ်အသက်တာ၌ မိဘများ၏ စောင့်ရှောက်မှု၊ ကူညီ စောင်မမှု၊ သည်းခံ ခွင့်လွှတ်မှုများကို သားသမီးတို့သည် သိရှိ ခံစား နိုင်ပါသည်။ ထို့ကြောင့် သားသမီးများအနေဖြင့် မိဘကို ကျေးဇူးတင်ကြောင်း အပြောအဆို အားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့်လည်းကောင်း ဖော်ပြရမည်။ (ဂ) မိဘကို တတ်နိုင်သောဘက်မှ ကူညီရပါမည်။ ငယ်ရွယ်သော ကလေး ဘဝမှ စ၍ မိဘကို ကူညီနိုင်ပါသည်။ သားသမီးများသည် မိဘတို့ကို တတ်နိုင်တဲ့ ဘက်မှ ကူညီခြင်း အားဖြင့် ရိုသေလေးစားမှုကို ပြရပါမည်။ (ဃ)မိဘ စိတ်ချရသော သားသမီးများ ဖြစ်ရပါမည်။ မိဘများသည် သားသမီးများ လုပ်ဆောင်သည့်အရာ၊ သွားသည့် နေရာတို့ကို သိချင်မြင်ချင် ပါသည်။ ထို့ကြောင့် သားသမီးများသည် ဘယ်အရာမဆို မိဘအား ဖွင့်ပြောတိုင်ပင်လျှက်၊ သဘောတူညီမှု ရယူသင့်ပါသည်။ မှားယွင်း သည့်အခါတွင်လည်း တောင်းပန်၍ သူတို့၏ ခွင့်လွှတ်ခြင်းကို ရယူ သင့်ပါသည်။ သို့မှသာ မိဘ စိတ်ချသော သားသမီးများ ဖြစ်လာနိုင်ပါသည်။

<u>*၃။ မိဘကို ရိုသေလေးစားခြင်းသည် ဂတိတော်နှင့်ဆိုင်သော ပညတ်ဖြစ်သည်။*</u> (ဖေက် ၆း၂ခ)။ "ဤပညတ်တော်ကား သင်သည် ပြည်တော်၌ ကောင်းစား၍ အသက်တာ ရှည်မည်အကြောင်း ဟူ၍ ဂတိတော်နှင့်ဆိုင်သော ပဌမပညတ် ဖြစ်သည်။ ယုဒလူမျိုးများ ခါနာန်ပြည်သို့ ဝင်ရောက်သည့်အခါ ရရှိခံစားရသည့် ဂတိတော်ဖြစ်သည်။ ယနေ့ ယုံကြည်သူများနှင့်လည်း သက်ဆိုင်ပါသည်။ ထိုဂတိတော်ကို မင်္ဂလာနှစ်ပါးဖြင့် ဖော်ပြထားသည်။ ပထမ မင်္ဂလာမှာ "ပြည်တော်၌ ကောင်းစားခြင်း" ဖြစ်ပြီး၊ ဒုတိယ မင်္ဂလာမှာ "အသက်တာ ရှည်မည်အကြောင်း" ဖြစ်ပါသည်။ မိဘစကား နားထောင်သော လူငယ်များသည် အသက်တာ တိုစေနိုင်သည့် အန္တရာယ် အမျိုးမျိုးမှ လွတ်ကင်း နိုင်မည်မှာ အမှန်ပင်ဖြစ်သည်။ လူတစ်ယောက်၏ တန်ဖိုးသည် အသက်တာ ကြာရှည်မှု အတိုင်းအတာထက် လုပ်ဆောင်နိုင်မှု အတိုင်းအတာပေါ်တွင် ပို၍ မူတည်ပါသည်။ အသက် တိုသည်ဖြစ်စေ၊ ရှည်သည် ဖြစ်စေ မိဘကို ရိုသေလေးစားသောသူသည် တန်ဖိုး ရှိသောသူ ဖြစ်သည်။ အမှုတော်ဆောင် လူငယ် တိမောသေ၏ ဖခင်သည် ဟေလသလူမျိုး ဖြစ်ပြီး၊ မိခင်မှာ ယုဒလူမျိုး ယုံကြည်သူဖြစ်သည်။ (တ ၁၆း၁) မိခင်ဥနိတ်နှင့် အဘွား လောဣ တို့သည် စစ်မှန်သော ယုံကြည်ခြင်း ရှိသူများ ဖြစ်သည်။(၂တိ ၁း၅) တိမောသေသည် ငယ်သောအရွယ်မှစ၍ မိခင်နှင့် အဘွားတို့ထံမှ ဓမ္မဟောင်း ကျမ်းစာကို သင်ယူပြီး ယုံကြည်သူ ဖြစ်လာသည်။ မိခင်နှင့် အဘွား၏ ကျေးဇူးကြောင့် သူသည် မိဘကို ရိုသေလေးစားသော လူငယ်တစ်ယောက် ဖြစ်လာသည့်အပြင် ဘုရားအမှုတော်ဆောင်ကောင်း တစ်ယောက်ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် ဘုရားကောင်းကြီးပေးသော အိမ်ထောင် မိသားစု ဖြစ်ရန် သားသမီးများသည် မိဘကို ရိုသေလေးစားလျှက် သူတို့၏ စကားကို ဘုရားသခင်၏ အလိုတော်နှင့် အညီ နားထောင်ရပါမည်။ *(ချားလ်ရစ်မာ)* ။ (သမီး အချစ်ဆုံး ပါးပါး နှင့် မိုးမိုး တို့အတွက် ၂၀၀၉ခုနှစ် မေလ ၂၀ရက်နေ့တွင် ကျရောက်ခဲ့ပြီးသော ၃၃ နှစ်ပြည့် မင်္ဂလာအား ဂုဏ်ပြုရေးသားပါသည်။)




မင်း အောင် သက် လွင် ဓိ ခဉ် ထုတ် ပေ သည်

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည် ( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ပြိုင်ဆိုင်မှုပါသော စာမူ များကို လုံးဝ လက်မခံပါ ) Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076. E-mail; thelordword@gmail.com. Phone (65) 81222320
(သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် )


သခင့်စကား ဝိညာဉ်ရေး လစာစောင် အမှတ်စဉ် ၉၈။ အောက်တိုဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံအတွင်း ရှိမြန်မာခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။